ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့၊ (22-8-2011) (၆၈၅၉)

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော်　　ဩဂုတ်　　၂၁

မြန်မာနိုင်ငံ၏ စီးပွားရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျင်းပသည့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့အစီအစဉ်များကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ စုံစုံညီညီ တက်ရောက်ကြသည်။

ယနေ့အလုပ်ရုံဆွေးနွေးပွဲ၌ အပိုင်း(၆) မက်ခရိုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ်များ ဖော်ထုတ်ခြင်းကဏ္ဍတွင် သဘာပတိအဖြစ် နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဒေါက်တာဦးမြင့်က ဆောင်ရွက်ပြီး အလုပ်ရုံဆွေးနွေးပွဲ၌ စာတမ်းရှင်များ၏ တင်ပြဆွေးနွေးချက်များအနက်မှ အရေးကြီးသည့် အချက်များအပေါ် သုံးသပ်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲတွင် အပိုင်း(၂) သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သော သံအမတ်ကြီး(အငြိမ်းစား)ဦးကျော်တင့်ဆွေက နိုင်ငံတော်၏ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပစဉ်။

(သတင်းစဉ်)

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဖြည့်စွက်ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

တံတားတည်ဆောက်ရာတွင် လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်

နေပြည်တော်　　ဩဂုတ်　　၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၁၉ ရက် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်-ပုသိမ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ပုသိမ်-ငပုတောလမ်း ရှမ်းရွာဆိပ်ကမ်းမှ ရေယာဉ်ဖြင့် ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း လမ်းအမှတ်(၁၁) ပုသိမ်-ငပုတောလမ်းပေါ်ရှိ ပေပင်မြစ်ကူးတံတား စီမံကိန်းသို့ ရောက်ရှိသည်။

အချိန်မီပြီးစီးရေး

ထို့နောက် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်သူက ပေပင်မြစ်ကူးတံတား၊ စလူချောင်းတံတားနှင့် ဝဲကြီးချောင်းတံတား တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ အချိန်မီပြီးစီးရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် ရှင်းလင်းဆောင်ရှုရပ်မှ ရေလယ်ဘိုးပိုင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေယာဉ်ဖြင့် ငပုတောဘက်ကမ်းသို့ ရောက်ရှိကာ ကမ်းကပ်ခုံလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်-ငပုတောလမ်း ကျောက်ချောလမ်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မိုင်တိုင်အမှတ်(၅/၃)ရှိ စလူချောင်းတံတား တည်ဆောက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပေပင်မြစ်ကူးတံတားသည် ပုသိမ်-ငပုတောလမ်းပေါ်၌ တည်ရှိပြီး တံတားအမျိုးအစားမှာ အောက်ထည် သံကူကွန်ကရစ် လွန်တူးဘိုးပိုင်နှင့် အပေါ်ထည် သံမဏိသံပေါင် ရက်မကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားသည်။ တံတားအရှည်ပေ ၇၂၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီ ပါရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၉၈ ပေ၊ အမြင့် ၁၇ ပေရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။ စလူချောင်းတံတားနှင့် ဝဲကြီးချောင်းတံတားတို့မှာ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး တံတားအရှည်ပေ ၆၀ စီရှိကြသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် စလူချောင်းတံတားစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၂၂-၈-၂၀၁၁
(တနင်္လာနေ့)

စီးပွားရေးဝန်းကျင်ကောင်း တည်ဆောက်

မျက်မှောက်အချိန်အခါတွင် ကမ္ဘာသူ ကမ္ဘာသားများ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရသည်။ ကမ္ဘာ့ငွေကြေးအကျပ်အတည်း၊ ရာသီဥတုပြောင်းလဲလာမှုနှင့် စားနပ်ရိက္ခာဖူလုံစိတ်ချရရေး ပိုမိုလိုအပ်လာမှု၊ စွမ်းအင်လိုအပ်လာမှု စသည်တို့ဖြစ်သည်။ နိုင်ငံအများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အလေးထားလုပ်ဆောင်ရင်း ရာသီဥတုပြောင်းလဲရိုက်ခတ်မှုများကို ကာကွယ်နိုင်ရေး ကြိုးပမ်းနေကြရပြီ။

မြန်မာနိုင်ငံသည် ၁၉၈၈ ခုနှစ် နောက်ပိုင်းမှစ၍ စီးပွားရေးစနစ် ပြုပြင်ပြောင်းလဲလာခဲ့သည်။ တပ်မတော်အစိုးရလက်ထက်တွင် မက်ခရိုစီးပွားရေးပြုပြင်ပြောင်းလဲမှုများကို စနစ်တကျ ဆောင်ရွက်ခဲ့၍ အာရှငွေကြေးအကျပ်အတည်းနှင့် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းများတွင် ဆိုးဆိုးရွားရွားထိခိုက်မှုမရှိခဲ့ပေ။ သို့သော် ပြည်ပနိုင်ငံများ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီများ လျော့ကျလာပြီး အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုများပါ ရင်ဆိုင်ခဲ့ရသဖြင့် မက်ခရိုစီးပွားရေးအပေါ် ပြင်ပမှ လွှမ်းမိုးမှုများ သက်ရောက်မှုရှိခဲ့သည်။

ယခုအခြေအနေတွင် ပြည်တွင်းရှိ သယံဇာတအား ပြည်တွင်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းရပ်တည်နေသည်။ ဖွံ့ဖြိုးတိုးတက်မှု ပိုမိုလျင်မြန်စေရန်နှင့် ကမ္ဘာ့အခြေအနေများနှင့် ကိုက်ညီစေရန် လက်ရှိဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ မူဝါဒများ၊ ဘဏ်လုပ်ငန်းစနစ်များ၊ ကုန်သွယ်မှုနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးစေရေး မက်ခရိုစီးပွားရေးမူဝါဒများကို အခြားသော အထောက်အကူပြု အားဖြည့်မူဝါဒများနှင့် ပေါင်းစပ်သုံးသပ်သင့်ပေသည်။

ယခုအခါ နိုင်ငံ၏ စိုက်ပျိုးရေးကို ပိုမိုတိုးတက်စေရန် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းလျက်ရှိသည်။ တစ်ဖက်တွင် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာအကောင်အထည်ဖော်ရေး ကျင့်သုံးလျက်ရှိသည်။ ဈေးကွက်စီးပွားရေးစနစ်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ မြှင့်တင်ရုံ၊ ပြည်တွင်းဈေးကွက်တစ်ခုတည်း ဝင်ရောက်နိုင်ရုံဖြင့် စီးပွားရေးမတိုးတက်နိုင်ပေ။ ထုတ်လုပ်သမျှ ထုတ်ကုန်များ ပြည်တွင်းနှင့် ပြည်ပဈေးကွက်နှစ်ခုလုံးသို့ ဝင်ရောက်နိုင်မှသာ စီးပွားရေးတိုးတက်နိုင်မည်ဖြစ်သည်။

ယင်းသို့ကြိုးပမ်းရာတွင် ဖွံ့ဖြိုးမှု အရည်အသွေးကို ပဓာနထားလုပ်ဆောင်ကြရပေမည်။ အရေအတွက်အားဖြင့်သာ တိုးတက်ခြင်းမျိုးကို ရှောင်ရှားကြရမည်။ ဖွံ့ဖြိုးမှုကို ရှုထောင့်ပေါင်းစုံမှ ရှုမြင်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအထိ ရည်မှန်းကြိုးပမ်းကြရန်လိုအပ်သည်။ ယင်းသို့ ဘက်စုံထောင့်စုံမှ ရှုမြင်သုံးသပ်လုပ်ဆောင်မှသာ လူထုလူတန်းစားများအကြား ဆင်းရဲချမ်းသာကွာဟမှု နည်းပါးပြီး လူတိုင်းလူတိုင်း ဖွံ့ဖြိုးမှု အသီးအပွင့်များ ခံစားနိုင်သည့် အရည်အသွေးရှိသော တိုးတက်မှု ဖြစ်ပေါ်စေမည်ဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်ရေးအတွက် အစိုးရ၏ အခန်းကဏ္ဍကို လျှော့ချပြီး ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်နေသည်။ နိုင်ငံတည်ဆောက်ရာတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်ဆွေးနွေးညှိနှိုင်းမှုများ ပိုမိုပါဝင်လာနေပြီ။ အဓိကကျသည့် ပုဂ္ဂလိကပိုင်း၏ စိတ်ဓာတ်၊ အရည်အချင်း၊ ကြိုးစားမှုနှင့် ညီညွတ်မှုတို့ကို ပြန်လည်တည်ဆောက်ရင်း ကောင်းမွန်သော စီးပွားရေးဝန်းကျင်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ သရုပ်ဆောင်ဒါရိုက်တာ ဦးသန်းထွန်း- အကယ်ဒမီများရှင် ဒေါ်ဝါဝါဝင်းရွှေတို့၏ နှစ်(၄၀)မြောက် ပတ္တမြားရတုမင်္ဂလာရက်မြတ်အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၁-၈-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၈၀၀၀	၀. ၀၃၃၅၆
တရုတ် (ယွမ်)	၆. ၃၉၂၅၀	၀. ၁၅၆၄၃
အိန္ဒိယ (ရူပီး)	၄၅. ၆၆၀၀	၀. ၀၂၁၉၀
မလေးရှား (ရင်းဂစ်)	၂. ၉၈၂၅၀	၀. ၃၃၅၂၉
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၉၂၀	၀. ၈၂၆၉၉
ဂျပန် (ယန်း)	၇၆. ၅၄၀၀	၀. ၀၁၃၀၇
တောင်ကိုရီးယား(ဝမ်)	၁၀၈၇. ၃၀	၀. ၀၀၀၉၂
ယူရို	၀. ၆၉၄၇၂	၁. ၄၃၉၄၂
ဗြိတိသျှ (ပေါင်)	၀. ၆၀၇၃၅	၁. ၆၄၆၅၀

အင်တာနက်။

(၁၉)ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ

(ယမန်နေ့မှအဆက်)

နေပြည်တော် ဩဂုတ် ၂၁

အဘိဓမ္မပိဋက (အဘိဓမ္မာပထမပိုင်း) နှစ်ကျမ်းအောင် ၁၅ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင် ပုဂ္ဂိုလ်များမှာ ခုံအမှတ် (ဗဟ-၁) အရှင်ပညာနန္ဒာလင်္ကာရ အသက်(၂၃)နှစ် အဘ ဦးမြင့်အောင် မဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး (ပထမ)၊ ခုံအမှတ် (ဒဂတ-၁၃) အရှင်နေမိန္ဒ အသက်(၂၇)နှစ် အဘ ဦးကျော်ဆွေ နိကာယ်စာသင်တိုက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး (ဒုတိယ)နှင့် ခုံအမှတ် (ပခ-၁) အရှင်ကုန္ဒဝံသ အသက်(၂၈)နှစ် အဘ ဦးကျော်ရင် သာမဏေကျော်ပရိယတ္တိစာသင်တိုက် ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး(တတိယ)တို့ဖြစ်ကြသည်။

အုပ်စု(၁)ခုဒ္ဒကနိကာယ(ဝိနယပိဋက)ဝိနည်းအဋ္ဌကထာ(မဟာဝိဒူတန်း)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ငါးပါး၊ နှစ်ကျမ်းအောင် တစ်ပါး၊ တစ်ကျမ်းအောင် ငါးပါးတို့ဖြစ်ကြသည်။ ဝိနည်းအဋ္ဌကထာ သုံးကျမ်းအောင် ငါးပါးမှာ ခုံအမှတ် (စက-၂) အရှင်ခေမိန္ဒ အသက်(၃၄)နှစ် အဘ ဦးထွန်းလင်း တိပိဋကနိကာယကျောင်းတိုက် မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံအမှတ် (ပခ-၁) အရှင်သုဇနာလင်္ကာရ အသက်(၃၁) နှစ် အဘ ဦးပြေချစ် သာမဏေကျော် ပရိယတ္တိစာသင်တိုက် ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး၊ ခုံအမှတ် (ဒဂတ-၁) အရှင်ဇဝန အသက်(၃၁)နှစ် အဘ ဦးသန်းထွန်း နိကာယ်စာသင်တိုက် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ ခုံအမှတ် (ဗဟ-၁) အရှင်ဝဇိရပါဏီလင်္ကာရ အသက်(၃၂)နှစ် အဘ ဦးဖိုးအေး မဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနှင့် ခုံအမှတ် (ဗဟ-၂)အရှင်ခေမိကာလင်္ကာရ အသက်(၃၆)နှစ် အဘ ဦးသာလှ မဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးတို့ ဖြစ်ကြသည်။

အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက)ဒီဃနိကာယအဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းအောင် နှစ်ပါးဖြစ်သည်။ ဒီဃနိကာယအဋ္ဌကထာ သုံးကျမ်းအောင် နှစ်ပါးမှာ ခုံအမှတ် (စက-၁) အရှင်အဘိဇာတာဘိဝံသ အသက်(၄၃)နှစ် အဘ ဦးတင်ရ မဟာသုဗောဓာရုံကျောင်းတိုက် စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ခုံအမှတ် (ဒဂရ-၁) အရှင်ပညာဝံသာလင်္ကာရ အသက်(၃၆)နှစ် အဘ ဦးချစ်ဖေ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီးတို့ဖြစ်ကြသည်။

အုပ်စု(၃)မဇ္ဈိမနိကာယ(သုတ္တန္တပိဋက) မဇ္ဈိမနိကာယအဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းအောင် တစ်ပါးဖြစ်သည်။ မဇ္ဈိမနိကာယအဋ္ဌကထာ သုံးကျမ်းအောင် တစ်ပါးမှာ ခုံအမှတ် (သဆ-၁) အရှင်ဝဏ္ဏိတာလင်္ကာရ အသက်(၄၅)နှစ် အဘ ဦးပေါ်အေး မဟာဂန္ဓာရုံကျောင်းတိုက် သုံးဆယ်မြို့ ပဲခူးတိုင်းဒေသကြီးဖြစ်သည်။

(၁၉)ကြိမ်မြောက် နိကာယ်စာမေးပွဲတွင် အုပ်စု(၇)ခုနှင့် မဟာဝိဒူတန်းတို့တွင် ကျမ်းစဉ်အလိုက်အောင်မြင်ကြသူပေါင်းမှာ ၁၄၂၁ ပါးဖြစ်သည်။

ယင်းအောင်စာရင်းအပြည့်အစုံကို ပြည်နယ်/တိုင်းဒေသကြီးရှိရာ သာသနာရေးမှူးရုံးများ၊ စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကအဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၌ ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

လပွတ္တာမြို့နယ်အတွင်း အအေးခန်းစက်ရုံဖွင့်ပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် လမ်းအထူးအဖွဲ့(၂)၊ မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့က ပုသိမ်-လပွတ္တာလမ်းကို လမ်းပိုင်းအလိုက်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လပွတ္တာမြို့သစ် စွမ်းရည်ထက် ကုမ္ပဏီလီမိတက် (TZTM) ၏ အအေးခန်းစက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုး၊ လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်နှင့် စွမ်းရည်ထက် ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးတင်ဝင်းတို့က အအေးခန်းစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အအေးခန်းအတွင်း ပုစွန်ထုပ်ပိုးနေမှုနှင့် သိုလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် အအေးခန်းစက်ရုံ အစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ရှိသူများ၊ ဒေသခံ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဆင့်မီ အအေးခန်းစက်ရုံကြီး ပထမဆုံးပေါ်ပေါက်လာသဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ စက်ရုံရေရှည်တည်တံ့နိုင်ရေးအတွက် ကုန်ကြမ်းလိုအပ်ချက်များ၊ ဈေးကွက်လိုအပ်ချက်များကို ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သားငါးကဏ္ဍတွင် သဘာဝအတိုင်းမွေးမြူထားခြင်းအပြင် မျိုးထည့်မွေးမြူရေးများကို တိုးချဲ့လုပ်ဆောင်သွားသင့်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ကျောက်မော်ကျေးရွာ ကွင်းအမှတ် (၅၈၁-က) တောင်သူ ဦးမောင်ငွေး၏ ပေါင်းစည်းလယ်ယာ၌ ငါးမွေးကန်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကာ အောင်မြင်ဖြစ်ထွန်းနေသော ကျွဲ၊ နွား၊ ဆိတ်နှင့် ဝက်မွေးမြူရေးခြံများ၊ စားပင်သီးနှံစိုက်ခင်းများနှင့် မိုးစပါးစိုက်ခင်းများကို လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် အခြားတောင်သူများအား ပညာပေးစည်းရုံးကူညီဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် (TZTM) ကုမ္ပဏီ၏ အအေးခန်းစက်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

လောင်းကစားမှု ပပျောက်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီး လောင်းကစားမှု ပပျောက်ရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေးကို ဩဂုတ် ၁၂ရက် နံနက် ၉နာရီခွဲတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ကြီးကြပ်မှုကော်မတီဝင်များက မှုခင်းများ ကြိုတင်ကာကွယ်ရေး၊ အသိပညာပေးရေး၊ ထိရောက်သော ဖမ်းဆီးအရေးယူနှိမ်နင်းရေးနှင့် အများပြည်သူများသိရှိလိုက်နာရေး၊ လိုအပ်သော သတင်းထုတ်ပြန်မှုများကို သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်ရေး၊ ဆင်းရဲမှုလျှော့နည်းပပျောက်ရေး အထောက်အကူပြု လုပ်ငန်းတစ်ရပ်အဖြစ် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ (သတင်းစဉ်)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နဲ့ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

၁။ ဝါသနာရှင် (ပထမတန်း)အဆင့် (အမျိုးသား)
- (က) ညင်းညင်း (မွန်)
- (ခ) ကြုံကြုံဖန်ဖန် (ယိုးဒယား)
- (ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ဃ) ညို့ညို့ဆိုင်းဆိုင်း (ပတ်ပျိုး)
- (င) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (စ) မဲဇာတောင်ခြေ (ပတ်ပျိုး)
- (ဆ) မြိုင်ဂန္ဓမာ (ယိုးဒယား)
- (ဇ) ကောင်းချီးသဒ္ဒါ (မွန်)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသား)
- (က) ပန်းဟောဝန် (ယိုးဒယား)
- (ခ) ရေယမုန် (ပတ်ပျိုး)
- (ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)
- (က) မှိုင်းရိပ်ကယ်တည့်ဝေမှောင် (ကြိုး)
- (ခ) လွမ်းဘွဲ့စေ (ပတ်ပျိုး)
- (ဂ) ဂန္ဓမာတောင် (ဘွဲ့)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား)
- (က) မှန်ရဝေ (ပတ်ပျိုး)
- (ခ) လဲ့လဲ့ငယ်စိမ်းရောင် (ကြိုး)
- (ဂ) ဟေမဝန်ချာ (ဘွဲ့)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား)
- (က) သီလာမြေယံ (ကြိုး)
- (ခ) ဇေယျာမြို့ (ကြိုး)
- (ဂ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)

၆။ အခြေခံပညာ(၅-၁၀)အဆင့်(အမျိုးသား)
- (က) သာယာ သာယာ (ကြိုး)
- (ခ) သီဒါ သီဒါ မြသား (ကြိုး)
- (ဂ) ထွေတလာ (ကြိုး)

(ဆက်လက်ဖော်ပြပါမည်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုတို့အား လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့် အဖွဲ့သည် ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ လူ့အခွင့်အရေး တိုးတက်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုအား မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့် အဖွဲ့သည် ညနေ ၄ နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ လူ့အခွင့်အရေးတိုးမြှင့်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းအား မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့်အဖွဲ့သည် ညနေ ၅ နာရီ မိနစ် ၄၀ တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်ရုံး၌ လာရောက်တွေ့ဆုံကာ လူ့အခွင့်အရေးဆိုင်ရာ တိုးတက်မြှင့်တင်ရေး ဆောင်ရွက်မှုများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

ကွန်ပျူတာများ၏ အဆင့်မြင့် စွမ်းဆောင်ရည် ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံ၏ ကွန်ပျူတာလောကကို တစ်ခေတ်ဆန်းသစ်စေမည့် ကမ္ဘာ့နာမည်ကျော် Apple ကွန်ပျူတာ၏ နောက်ဆုံးထုတ် ကွန်ပျူတာများကို NetInfo နည်းပညာသင်တန်းကျောင်းမှ တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

iPhone,ipad သုံးစွဲသူများအတွက် Mac OS X Lion နှင့် ချိတ်ဆက် အသုံးပြုပါက ပိုမိုထိရောက်စွာ အသုံးပြုနိုင်ပြီး မြန်ဆန်ခြင်း၊ တည်ငြိမ်ခြင်း၊ Virus အန္တရာယ်မှ ကင်းဝေးခြင်း၊ အသုံးပြုရန် လွယ်ကူခြင်း၊ Program Crash ဖြစ်မှု နည်းခြင်း အစရှိသော အားသာချက်များရှိသည်။

Mac OS X Lion နှင့် Windows 7 တပ်ဆင်ထားသော အမျိုးအစားတူ နှစ်စုံ၏ စွမ်းဆောင်ရည်များကို နှိုင်းယှဉ်ကြည့်ရာတွင် Mac OS X Lion က အင်တာနက်အသုံးပြုရာတွင် ပိုမိုမြန်ဆန်ခြင်း Download ပြုလုပ်ရာတွင် မြန်ဆန်ခြင်း၊ File Copy ကူးရာတွင် မြန်ဆန်ခြင်း၊ Startup time နှင့် Shut down time ပိုမိုမြန်ဆန်ခြင်း၊ ရုပ်ရှင်နှင့် ဓာတ်ပုံကြည့်ရာတွင် colour အရည်အသွေး မှန်ကန်ကြည်လင်ပြတ်သားခြင်းတို့တွင် Windows 7 ထက်များစွာ သာလွန်ကြောင်း သိရှိရသည်။

Application ပေါင်းများစွာ ထည့်သွင်းနိုင်ပြီး Apple ၏ Original Wireless Keyboard, Magic Mouse နှင့် Track Pad များကို ပူးတွဲအသုံးပြုနိုင်သည်။ ဈေးနှုန်းချိုသာစွာနှင့် တပ်ဆင်ထားသော PcMac ကွန်ပျူတာများကို အိမ်သုံးရန် Level 3၊ ရုံးသုံးရန် Level 5 နှင့် လုပ်ငန်းသုံးရန် Level 7 ဟု သုံးမျိုးခွဲခြားထားပြီး စိတ်ပါဝင်စားသူများသည် NetInfo နည်းပညာသင်တန်းကျောင်း အဆောင်(၂) အခန်း(၁) မြန်မာအင်ဖိုတက်ခ် ဖုန်း-၆၈၂၂၉၁၊ ၆၅၂၂၄၈ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (ကြေးမုံ)

မြဝတီခရိုင် ဥက္ကဋ္ဌဖလား မိုးရာသီ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ ဘောလုံးပြိုင်ပွဲဝင် အားကစားသမားများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး အဖွင့်အမှာစကားပြောကြားစဉ်။ (၅၇၀)

မွေးမြူရေးနှင့် ဆင်းရဲမှုလျှော့ချရေး ပညာပေးဆွေးနွေး

တာချီလိတ် ဩဂုတ် ၂၁

တာချီလိတ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် မွေးမြူရေးဆိုင်ရာ ပညာပေးလုပ်ငန်းများကို ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၇ ရက်တွင် လွယ်တော်ခမ်းကျေးရွာအုပ်စု ဖက်ဟိကျေးရွာ၌ ဝက်နားရွက်ပြာရောဂါအကြောင်း၊ အခြားတိရစ္ဆာန်များမှ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် လိုက်နာဆောင်ရွက်ရန်အချက်များ၊ သားငါးကဏ္ဍဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများကို လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစံထွန်းဝေက ပညာပေးဆွေးနွေးခဲ့သည်။ (မွေး/ကု)

ရန်ကုန်မြို့ ကွမ်းခြံကုန်းမြို့နယ် တော်လန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲမှ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများအား ရွှေပါရမီ မိသားစု၏ ဂုဏ်ပြုပွဲကို ပညာရတနာခန်းမ၌ ဩဂုတ် ၁၇ ရက်က ကျင်းပရာ ဘောဂဗေဒဂုဏ်ထူးရှင် မောင်မင်းမင်းထွန်းအား ရွှေပါရမီ မိသားစု သုခမ္မသီဂီ ဒေါ်မြရွှေ ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ကြေးမုံ)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၅)ရပ်

(၁) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(၃) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(၄) အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြှင့်တင်လျက် နိုင်ငံတကာအဆင့်မီ ဆန်းသစ်ပေါင်းစပ်ပေးနိုင်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

(၅) အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် အနုသုခုမဂီတပညာဖြင့် တစ်တပ်တစ်အား ပါဝင်လက်တွဲဆောင်ရွက်ရေး။

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ရခိုင်ပြည်နယ်၌ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၂၁

ရခိုင်ပြည်နယ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီတွင် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးဟောင်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာအောင်ကျော်မင်းနှင့် အတွင်းရေးမှူး ဦးဇော်ဇော်ထွန်းတို့က ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက လုပ်ငန်းကော်မတီများဖွဲ့စည်းထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီများအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

စစ်တောင်းနှင့် ဝေါနမြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၂၁

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့၌ ၆၀၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၆ စင်တီမီတာ (သုည ဒသမ ၂ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၁၃၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၆၆ စင်တီမီတာ (၂ ဒသမ ၂ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဝေါနမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့၌ ၁၁၇၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၈ စင်တီမီတာ (၁ ဒသမ ၆ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ကနေဒါ မိသားစုရန်ပွဲ တစ်ဦးသေ၍ ၁၀ ဦးဒဏ်ရာရ

ဝင်နီပက် ဩဂုတ် ၂၁

ကနေဒါနိုင်ငံ မန်နီတိုဘာပြည်နယ် ဝင်နီပက်မြို့၌ အိမ်တွင်းရေး အငြင်းအခုံတစ်ရပ်ကို အကြောင်းပြု၍ လူ ၁၅ ဦးမှ ၂၀ အထိပါဝင်ခဲ့သော လမ်းပေါ်ရန်ပွဲတစ်ခု ဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံး၍ ၁၀ ဦး ဒဏ်ရာရခဲ့ကြောင်း ဩဂုတ် ၂၁ ရက် သတင်းများတွင် ဖော်ပြသည်။

ဝင်နီပက်မြို့ရှိ လူနေအိမ်တစ်လုံး၌ မိသားစုနှစ်စု မိတ်ဆက်တွေ့ဆုံပွဲပြုလုပ်စဉ် အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦးအကြား ရန်ပွဲဖြစ်ပွားခဲ့ပြီးနောက် ကျန်မိသားစုဝင်များကပါ ရန်ပွဲအတွင်း ဝင်ရောက် ဆင်နွှဲခဲ့ကြကြောင်း ကနေဒါရဲတပ်ဖွဲ့ကပြောကြားသည်။

ရန်ပွဲ၌ ပါဝင်သူအချို့သည် ၎င်းတို့၏ မော်တော်ယာဉ်များကို မောင်းနှင်ကာ တစ်စီးနှင့်တစ်စီး ကွဲနှစ်ကောင် ခတ်သကဲ့သို့ ဝင်တိုက်ခဲ့ကြကြောင်း မျက်မြင်တစ်ဦးကဆိုသည်။

ရန်ပွဲအတွင်း အမျိုးသားတစ်ဦး သေဆုံး၍ အမျိုးသမီးတစ်ဦး အပြင်းအထန် ဒဏ်ရာရခဲ့ကြောင်း ကနေဒါ ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်၌ ဖော်ပြသည်။

အင်တာနက်။

တရုတ်၌ သောင်းကျန်းနေသော ကြွက်များကို ကြောင်လေ ကြောင်လွှင့်များက နှိမ်နင်း

ပေကျင်း ဩဂုတ် ၂၁

မြို့ပတ်ဝန်းကျင် စားကျက်မြေများကို ကျူးကျော်မွှေနှောက်ဖျက်ဆီးလျက်ရှိသော ကြွက်အုပ်ကြီးများအား နှိမ်နင်းရန် တရုတ်နိုင်ငံအနောက်ပိုင်းဒေသမှ ပိုလေအမည်ရှိ မြို့တစ်မြို့သည် မြို့တွင်းရှိ ကြောင်လေကြောင်လွင့်များကို အသုံးချခဲ့ကြောင်း ဩဂုတ် ၂၀ ရက် သတင်းများတွင် ဖော်ပြသည်။

ကြွက်များအား နှိမ်နင်းရန် ပိုလေမြို့ အာဏာပိုင်များသည် ကြောင်လေကြောင်လွင့် ကောင်ရေ ၁၅၀ ပါဝင်သည့် ကြောင်အုပ်ကြီးကို ကြွက်များ သောင်းကျန်းရာ နေရာများသို့ မေလက ပို့လွှတ်ခဲ့သည်။

အဆိုပါ ကြောင်လေကြောင်လွင့် အုပ်စုနှင့်အတူ တန်နှင့်ချီ၍ရှိသော ကြွက်သတ်ဆေးများကို ကြွက်များသောင်းကျန်းရာ ဒေသသို့ ပေးပို့ခဲ့ကြောင်း ပိုလေမြို့ အာဏာပိုင်များက ပြောကြားခဲ့သည်။

ကြောင်လေ ကြောင်လွင့်များနှင့် ကြွက်သတ်ဆေးများ အကျိုးကျေးဇူးကြောင့် ပိုလေမြို့ ပတ်ဝန်းကျင်စားကျက်မြေများ၌ ကြွက်ကောင်ရေ ထက်ဝက်ခန့်ကျဆင်းခဲ့ရကြောင်း သတင်းတွင် ဖော်ပြထားသည်။

စားကျက်မြေများအား အလွန်အကျွံ အသုံးပြုခြင်းနှင့် မြေခွေးကဲ့သို့ အသားစား သတ္တဝါများ သတ်ဖြတ်ခံနေရခြင်း၏ အကျိုးဆက်အဖြစ် မြက်ခင်းလွင်ပြင်များ၌ ကြွက်များနှင့် အင်းဆက်ပိုးမွှားများ ထူပြောလာခြင်းဖြစ်ကြောင်း သိရသည်။

အင်တာနက်။

ကမ္ဘာ့မြို့ပြများ စည်ပင်ဖွံ့ဖြိုးလာမှု သဘာဝပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေ

နယူးဟေဗင် ဩဂုတ် ၂၁

ကမ္ဘာ့တစ်ဝန်း၌ လွန်ခဲ့သောဆယ်စုနှစ်နှစ်စုအတွင်း လူဦးရေတိုးလာသည်နှင့်အမျှ မြို့တော်ကြီးများ၏ အရွယ်အစားမှာ ပိုမိုကြီးမားကျယ်ပြန့်လာခဲ့ရာ လူသားများနှင့် သဘာဝပတ်ဝန်းကျင်အား သိသိသာသာ ထိခိုက်မှုများ ရှိခဲ့ကြောင်း အမေရိကန်သုတေသနပညာရှင်များက ဩဂုတ် ၁၉ ရက်တွင် ပြောကြားခဲ့သည်။

၂၀၃၀ ခုနှစ်၌ မြို့ပြဒေသများ၌ နေထိုင်လာကြမည့် လူဦးရေ ၁ ဒသမ ၄၇ ဘီလီယံအား နေရာချထားနိုင်ရန်အတွက် ကမ္ဘာ့မြို့ပြဧရိယာများသည် စတုရန်း မိုင်ပေါင်း ၅၉၀၀၀၀ အထိ အကွက်အကွင်းတိုးချဲ့ရတော့မည် ဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ဟောကိန်းထုတ်ခဲ့ကြသည်။

လာမည့် ၂၀၃၀ ခုနှစ်၌ ကမ္ဘာ့မြို့တော်ကြီးအများအပြားသည် တိုးပွားလာသော မြို့ပြလူဦးရေအား နေရာပေးနိုင်ရေးအတွက် မြို့ကွက်အကျယ်အဝန်းကို ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝရာ ဒေသများအထိ တိုးချဲ့ရလိမ့်မည် ဖြစ်ကြောင်း ယေးလ်တက္ကသိုလ်မှ မြို့ပြပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးက ပြောကြားခဲ့သည်။

ယင်းကာလ၌ ကမ္ဘာ့မြို့တော်ကြီးများသည် ၎င်းတို့၏ မြို့ကွက်အကျယ်အဝန်းကို အတိမ်းအစောင်းမခံသော နေရာများဖြစ်သည့် သစ်တောများ၊ ဇီဝထိန်းသိမ်းရေးနယ်မြေများ၊ ဆဗ္ဗာနားမြက်ခင်းဒေသများနှင့် ကမ်းရိုးတန်းဒေသများအထိ တိုးချဲ့ရမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ လေ့လာချက်အရ သိရသည်။

သို့ရာတွင် ကမ္ဘာ့မြို့ကြီးများ တိုးချဲ့တည်ဆောက်ရမည့် နေရာများအနက် ကမ်းရိုးတန်းဒေသများသည် အန္တရာယ်ကြီးမားသော ဒေသများဖြစ်ပြီး ယင်းဒေသများအထိ တိုးချဲ့မည့် မြို့ပြများ၌ နေထိုင်သူ လူသားများနှင့် အခြေခံအဆောက်အအုံများသည် ရေလွှမ်းမိုးမှု၊ ဆူနာမီအန္တရာယ်၊ ဟာရီကိန်းမုန်တိုင်းနှင့် အခြားသော သဘာဝဘေးဒဏ်များအား ပိုမိုခံစားကြရမည်ဖြစ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်သည်။

မိမိတို့အနေဖြင့် ကမ္ဘာ့မြို့ပြများ၏ လူဦးရေတိုးမှုပုံစံအား သိရှိနားလည်ကြသော်လည်း လူဦးရေတိုးပွားမှုကြောင့် မြို့ပြ ဧရိယာများ မည်သို့ပြောင်းလဲလာရသည်ကို အနည်းအကျဉ်းမျှသာ သိခဲ့ရကြောင်း အမေရိကန်သုတေသန ပညာရှင်တစ်ဦးက ပြောကြားခဲ့သည်။

အင်တာနက်။

ဘင်လာဒင်အတွက် လက်စားချေရန် အယ်လ်ခိုင်ဒါက တိုက်ခိုက်မှုပေါင်း ၁၀၀ အီရတ်၌ လုပ်မည်ဟုဆို

ဘဂ္ဂဒက် ဩဂုတ် ၂၁

အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်ခေါင်းဆောင် အိုစမာဘင်လာဒင် သုတ်သင်ခံခဲ့ရမှုကို လက်စားချေသည့် အနေဖြင့် မွတ်စလင်ဘာသာဝင်တို့၏ ရာမာဒန်ဥပုသ်လလယ်မှစ၍ အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုပေါင်း ၁၀၀ လုပ်ဆောင်သွားရန် အယ်လ်ခိုင်ဒါအဖွဲ့က ဆုံးဖြတ်ထားကြောင်း ဩဂုတ် ၂၀ ရက် သတင်းများတွင် ဖော်ပြသည်။

အယ်လ်ခိုင်ဒါအဖွဲ့၏ ထုတ်ပြန်ကြေညာချက်ကို စစ်သွေးကြွများ အသုံးပြုသည့် အင်တာနက်ဝက်ဘ်ဆိုက်တစ်ခုပေါ်သို့ လွှင့်တင်ဖော်ပြခဲ့သည်။

ယခုနှစ် မေလက ပါကစ္စတန်နိုင်ငံအတွင်း အမေရိကန်အထူးတပ်ဖွဲ့များကြောင့် သေဆုံးခဲ့ရသော အိုစမာဘင်လာဒင်နှင့် အခြားအယ်လ်ခိုင်ဒါထိပ်တန်းခေါင်းဆောင်များအတွက် လက်စားချေသည့်အနေဖြင့် တိုက်ခိုက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အီရတ် အယ်လ်ခိုင်ဒါအဖွဲ့၏ ကြေညာချက်၌ ဖော်ပြထားသည်။

အဖွဲ့ဖြင့် စီးနင်းတိုက်ခိုက်ခြင်း၊ အသေခံတိုက်ခိုက်ခြင်း၊ လမ်းဘေးဗုံးခွဲတိုက်ခိုက်ခြင်းနှင့် လက်ဖြောင့်သေနတ်သမားများ အသုံးပြုတိုက်ခိုက်ခြင်းစသည့် နည်းဗျူဟာမျိုးစုံတို့သည် အယ်လ်ခိုင်ဒါအဖွဲ့၏ စီမံကိန်းတွင် ပါဝင်ကြောင်း ကြေညာချက်၌ ဖော်ပြသည်။

- တိုက်ခိုက်မှုများ -

ရာမာဒန်ဥပုသ်လလယ် အစနေ့ဖြစ်သော ဩဂုတ် ၁၅ ရက်တွင် အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့မှသည် တောင်ပိုင်း ရှီးယိုက်ဒေသများအထိ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရသည်။

ဩဂုတ် ၁၅ ရက်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုများ၊ လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုများနှင့် လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အနည်းဆုံး လူ ၇၀ သေဆုံးခဲ့ရာ ယခုနှစ်အတွင်း အီရတ်နိုင်ငံအတွက် အသေအပျောက် အများဆုံးနေ့ရက် ဖြစ်ခဲ့ရသည်။

အင်တာနက်။

ဂါဇာဒေသ စစ်သွေးကြွများ အစ္စရေးတောင်ပိုင်းကို ဒုံးကျည်များဖြင့် ပစ်ခတ်နေဆဲ လိုအပ်ပါက စစ်ဆင်ရေးတိုးချဲ့လုပ်ဆောင်ရန် ဝန်လေးမည်မဟုတ်ဟု အစ္စရေးပြောကြား

ဩဂုတ် ၁၈ ရက်က ပါလက်စတိုင်း စစ်သွေးကြွများ ချုံခိုတိုက်ခိုက်ခဲ့သော အစ္စရေး ဘတ်စ်ကားတစ်စီးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဂျေရုဆလင် ဩဂုတ် ၂၁

ဟားမားစ်လက်နက်ကိုင်အုပ်စုက ထိန်းချုပ်ထားသော ဂါဇာကမ်းမြောင်ဒေသမှ စစ်သွေးကြွများသည် အစ္စရေးနိုင်ငံတောင်ပိုင်းရှိ စာသင်ကျောင်းအလွတ်များနှင့် အခြားပစ်မှတ်များစွာအား တနင်္ဂနွေနေ့ စောစောပိုင်းက ဒုံးကျည်များ၊ မော်တာများဖြင့် အဆက်မပြတ် ပစ်ခတ်နေဆဲဖြစ်ကြောင်း သိရသည်။

လက်ရှိဖြစ်ပေါ်နေသော အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခ အရှိန်ပိုမိုတက်မလာစေရေးအတွက် အမေရိကန်ပြည်ထောင်စုနှင့် အီဂျစ်နိုင်ငံတို့မှ သံတမန်များသည် အဆောတလျင် ကြိုးပမ်းလျက်ရှိကြောင်း အေပီသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ဂါဇာကမ်းမြောင်အခြေစိုက် စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုများအား တားဆီးရန် လက်တုံ့ပြန် စစ်ဆင်ရေးများ တိုးချဲ့သင့်၊ မသင့်ကို အစ္စရေးအစိုးရ ထိပ်တန်းတာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြထားသည်။

စစ်သွေးကြွများ၏ တိုက်ခိုက်မှုများကို လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးလေတပ်က ဂါဇာကမ်းမြောင်ဒေသ၌ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ စစ်သွေးကြွအများစုပါဝင်သော ပါလက်စတိုင်း ၁၅ ဦး သေဆုံးခဲ့ကြောင်း အစ္စရေးစစ်ဘက် ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ် ဗိုလ်မှူးချုပ် ယိုအက်ဗ်မော်ဒေချိုင်းက ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံအနေဖြင့် လိုအပ်လာပါက စစ်ဆင်ရေးများ တိုးချဲ့လုပ်ဆောင်ရန် ဝန်လေးမည်မဟုတ်ကြောင်း၊ အစ္စရေးနှင့် ပါလက်စတိုင်း နယ်စပ်အခြေအနေ ဖြစ်ပေါ်တိုးတက်မှုများအား မိမိတို့စောင့်ကြည့်လျက်ရှိကြောင်း ဗိုလ်မှူးချုပ် ယိုအက်ဗ်မော်ဒေချိုင်းက အစ္စရေးအသံလွှင့်ဌာနသို့ ပြောကြားခဲ့ကြောင်း သိရသည်။

အစ္စရေးနှင့် အီဂျစ်နိုင်ငံနယ်စပ်၌ ဩဂုတ် ၁၈ ရက်က ဖြစ်ပွားခဲ့သော ချုံခိုတိုက်ခိုက်မှုများကြောင့် အစ္စရေးနိုင်ငံသား ရှစ်ဦး သေဆုံးခဲ့ရပြီးနောက် အစ္စရေးနှင့် ပါလက်စတိုင်း ပဋိပက္ခ စတင်ခဲ့ရသည်။

အင်တာနက်။

အာဖရိက ဦးချိုဒေသမှ ကလေး သုံးသိန်းကျော် အာဟာရပြတ်လပ်လျက်ရှိ

ပေကျင်း ဩဂုတ် ၂၁

အာဖရိက ဦးချိုဒေသတွင် မိုးခေါင်၍ အငတ်ဘေးသင့်နေသဖြင့် ကလေး ၃၀၀၀၀၀ ကျော်သည် အာဟာရပြတ်လပ်ကာ သေအံ့ဆဲဆဲဖြစ်နေကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်) အကြီးအကဲက ပြောကြားသည်။

ဆိုမာလီယာ၊ ကင်ညာ၊ အီသီယိုးပီးယား၊ ဂျီဘူတီနှင့် အီရစ်ထရီးယားနိုင်ငံတို့တွင် ထောင်သောင်းချီသော လူများ အသက်ဆုံးရှုံးခဲ့ကြရပြီး ယင်းဒေသ၌ပင် ၁၂ သန်းကျော်မျှသော လူတို့မှာ စားနပ်ရိက္ခာ အကူအညီ လိုအပ်လျက်ရှိကြောင်း ယူနီဆက်က ပြောသည်။

အာဖရိကဦးချိုဒေသမှ ပြဿနာသည် လူသားကပ်ဘေး ဖြစ်လာသည့် လူမှုဒုက္ခပင်ဖြစ်ကြောင်း ယူနီဆက်အမှုဆောင်ညွှန်ကြားရေးမှူး အန်သိုနီလိပ်က ဩဂုတ် ၂၉ ရက်တွင် ပြောကြားခဲ့သည်။

- အာဟာရချို့တဲ့ -

ဆိုမာလီယာ တစ်နိုင်ငံတည်း၌ပင် ကလေး ၁ ဒသမ ၄ သန်းမှာ အငတ်ဘေးသင့်နေကြောင်း၊ ခန့်မှန်းခြေ ၃၉၀၀၀၀ ခန့်မှာ အာဟာရချို့တဲ့သည့်ဝေဒနာ ခံစားနေရကြောင်း၊ ၁၄၀၀၀၀ နီးပါးမှာ သေမည့်အချိန်ကို စောင့်ဆိုင်းနေရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ။

အမေရိကန်ပြည်ထောင်စု၏ ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်။

ကြွေးမြီပြဿနာနှင့်ပတ်သက်၍ တာဝန်မဲ့မည်မဟုတ်ကြောင်း အမေရိကန်ဒုသမ္မတပြောကြား

ပေကျင်း ဩဂုတ် ၂၁

အမေရိကန်ပြည်ထောင်စုသည် ၎င်း၏ ကြွေးမြီပြဿနာကို ဖြေရှင်းရန်အတွက် တာဝန်ပျက်ကွက်လိမ့်မည်မဟုတ်ကြောင်း တရုတ်နိုင်ငံသို့ ရောက်ရှိနေသော အမေရိကန် ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်က ဩဂုတ် ၂၁ ရက်တွင် ပြောကြားသည်။

အမေရိကန် ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်သည် ၎င်း၏ တရုတ်ခရီးစဉ်နောက်ဆုံးရက်၌ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ရာတွင် တရုတ်နိုင်ငံ၏ လက်ဝယ်တွင် ရှိထားသော ဒေါ်လာငွေကြေးဆိုင်ရာ ပိုင်ဆိုင်ခွင့်များသည် လုံခြုံစိတ်ချမှုနှင့် အာမခံချက်ရှိကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ ကြွေးမြီတင်ရှိမှုသည် အမြင့်ဆုံးအဆင့်အထိ ရောက်ရှိလာခဲ့ရာ ယင်းပြဿနာကို ဖြေရှင်းရေးအတွက် နိုင်ငံရေးနည်းလမ်းဖြင့် ချဉ်းကပ်လာမှုအား တရုတ်အစိုးရ တာဝန်ရှိသူများက ပြစ်တင်ဝေဖန်ခဲ့ကြသည်။

တရုတ်နိုင်ငံသည် အမေရိကန်အစိုးရ၏ အကြီးမားဆုံး ပြည်ပမြီရှင်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုထံမှ အမေရိကန်ဒေါ်လာ ၁ ထရီလီယံ (ပေါင်စတာလင် ၆၀၈ ဘီလီယံ) ကို ကြွေးမြီအဖြစ် ရရန်ရှိသည်။

သို့ရာတွင် အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်က တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာမှုသည် အမေရိကန်ပြည်ထောင်စုနှင့် တစ်ကမ္ဘာလုံးအတွက် အင်အားကြီးတစ်ရပ် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်တာနက်။

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။(သတင်းစဉ်)

ကမ္ဘာ့အကြီးဆုံး Stainless Steel ပိဋကတ္တယဓမ္မစေတီတော် တည်ဆောက်ရေး ဩဝါဒခံယူပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆူးမားတြားကျွန်း တာမန်အာလမ် လုမ္ဗိနီ ဘရာဆာဂီတောင်တော် (Taman Alam Lumbini, Brastagi, Sumatera, Indonesia)ရှိ ရွှေတိဂုံပုံတူစေတီတော် ပရိဝုဏ်အတွင်း၌ တည်ထားကိုးကွယ်မည့် ကမ္ဘာ့အကြီးဆုံး Stainless Steel ပိဋကတ္တယဓမ္မစေတီတော် တည်ဆောက်ရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ ဩဝါဒခံယူပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ဓမ္မစကြာရိပ်သာ ကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အမှူးပြုသော ဆရာတော်များအား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်နှင့် တာဝန်ရှိသူများက ဩဝါဒခံယူကြသည်။

ဆက်လက်၍ စင်ကာပူသမ္မတနိုင်ငံ မေတ္တာစင်တာ သာသနာပြုအဖွဲ့ ဥက္ကဋ္ဌ စေတီတော်တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းဖေက အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ၂၀၁၀ခုနှစ် အောက်တိုဘာလတွင် အောင်မြင်စွာတည်ထားပြီးစီးခဲ့သော ရွှေတိဂုံပုံတူစေတီတော်အား တည်ထားလှူဒါန်းခဲ့သည့် အလှူရှင်က ယခုထပ်မံ၍ ပိဋကတ်တော်ချပ်များအား ဌာပနာကာ ကမ္ဘာ့အကြီးဆုံး Stainless Steel ပိဋကတ္တယဓမ္မစေတီတော် တည်ထားလှူဒါန်းလိုသည့် အခြေအနေများကို အလှူရှင်ကိုယ်စား ရှင်းလင်းလျှောက်ထားပြီး ရွှေသုဝဏ် ဆရာတော်က ကျမ်းဂန်နှင့်အညီ ဆောင်ရွက်သွားရန် မြွက်ကြားသည်။

(သတင်းစဉ်)

ကောလင်း၌ ကြူတော၊ တံစူး ကိုယ့်အားကိုယ်ကိုး ကျေးလက်ဒေသ ဓာတ်အားခွဲရုံလိုင်းသစ်ဖွင့်

ကောလင်း ဩဂုတ် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကြူတော၊ တံစူး ၂၄ နာရီလျှပ်စစ်မီးလင်းရေး ဓာတ်အားခွဲရုံလိုင်းသစ်ဖွင့်ပွဲကို ဩဂုတ် ၉ ရက် ညနေ ၆ နာရီက အဆိုပါ ဓာတ်အားခွဲရုံရှေ့၌ ကျင်းပရာ ကသာခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းရွှေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးယောမင်းထွန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ခင်တို့က ဓာတ်အားခွဲရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ခွဲရုံမှူး ဦးနိုင်ထွန်းဝင်းက ခွဲရုံဓာတ်အားလိုင်းကို ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ကျေးလက်လျှပ်စစ်မီးလင်းရေးကို ၂၀၀၇ ခုနှစ် စက်တင်ဘာလမှ စတင်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ လေးနှစ်ကြာမှ မီးရရှိခဲ့ပြီး ကြူတောကျေးရွာ အိမ်ထောင်စု ၁၂၀ မှ ၂၁ စု၊ တံစူးကျေးရွာ အိမ်ထောင်စု ၉၀ မှ ၄၂ စုတို့ မီးလင်းနိုင်ခဲ့ပြီးဖြစ်သည်။

(၂၁၄)

မော်လမြိုင်ကျွန်းမြို့နယ် တန့်ငူကျေးရွာအုပ်စု ကွမ်းခြံချောင်းကျေးရွာ စပါးခင်းများတွင် ငါးရှဥ့်မျိုးစိုက်ထည့် မွေးမြူပွဲကို ဩဂုတ် ၁၀ ရက်က ကွမ်းခြံချောင်းကျေးရွာ၌ ကျင်းပရာ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်အေးနှင့် ဝန်ထမ်းများ၊ ငါးရှဥ့်လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက ငါးရှဥ့်ကောင်ရေ ၇၀၀၀ ကျော်အား စပါးခင်းများအတွင်း စိုက်ထည့်ပေးစဉ်။ (၃၆၄)

မသန်စွမ်းသူများအတွက် အသက်မွေးမှုသင်တန်းများ လျှောက်ထားနိုင်

ရန်ကုန် ဩဂုတ် ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီး သင်တန်းကျောင်းသည် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၂ ရက်မှစတင်၍ ၁၈ နှစ်မှ ၄၅ နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် သုံးလသင်တန်းများ ဖွင့်လှစ်လျက်ရှိသည်။

သင်တန်းများမှာ စက်ချုပ်သင်တန်း၊ ဓာတ်ပုံသင်တန်း၊ ပိုးဇာပုံနှိပ်သင်တန်း၊ ဆံသသင်တန်းနှင့် ကွန်ပျူတာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသူများသည် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၆၁၇၁၂၊ ၀၉-၇၃၀၇၄၈၅၆နှင့် ၀၉-၆၉၃၀၆၄၀၇ တို့သို့ စုံစမ်းနိုင်သည်။

ထောက်ပံ့မည်

သင်တန်းတက်ရောက်ခွင့်ရသူများအား လစဉ် ထောက်ပံ့ကြေး၊ အဆောင်နေ စားစရိတ်ငြိမ်းနှင့် နယ်မှလာသော သင်တန်းသားများအတွက် အိမ်ပြန်ခရီးစရိတ် ထုတ်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

ကျေးလက်ဒေသများ ဖွံ့ဖြိုးစေသည့် ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်များ

သတင်းမှတ်စု

ကလေးဝင်းသူ

ကလေး-ကလေးဝ-တမူးသွား အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမကြီးပေါ်၌ လူသူကားများရှင်းလင်းနေ၏။ ကလေးမြို့က ထွက်၍ ဖောင်ကူးတံတားကို ကူးဖြတ်လိုက်သောအခါ နေရဥ္စယာမြစ်အတွင်းမှ သန့်ရှင်းလတ်ဆတ်သော လေနုအေး ပက်ဖျန်းလျက်ရှိ၏။ ဘယ်ဘက်ကလမ်းကား ကလေးဝ- ကျီကုန်း- မုံရွာ- ယာကြီးမြို့မသွား လမ်းမကြီးဖြစ်၏။ တမူးမြို့သို့သွားသော လမ်းနှစ်သွယ်ရှိရာ ကလေးဝ-ကျီကုန်းဘက်ကလည်းသွား၍ ရသည်။ သို့သော် ခရီးဝေး၏။ ယခု ကလေးနယ်ရှိ အင်ဒိုင်းကြီးဖြတ်လမ်းမှ မောင်းလာခဲ့ကြခြင်း ဖြစ်သည်။

စော်ဘွားရေရှင်မှ ထွက်လာရာလမ်းသည် ပို၍ပို၍ သာယာဖြောင့်ဖြူးလျက်ရှိသည်။ မကြာမီ တမူးခရိုင် ခမ်းပါတ်မြို့နယ်ထဲဝင်လာ၏။ ကျွန်တော်တို့ လမ်းကောင်း၍ခရီးတွင်ကာ နှစ်နာရီဖြင့် ကနန်ရွာကိုရောက်၏။ ကနန်ရွာသည် ချင်းပြည်နယ် တီးတိန်မြို့နယ်နှင့် ထိစပ်နေ၏။ ကလေး-တမူး ကားလမ်းဘေးတွင်ရှိသော ရွာကြီးဖြစ်၏။ အိမ်ခြေ ၁၀၀၀ ကျော်ရှိသည်။ ဖလမ်း၊ ဟားခါး၊ တီးတိန် ချင်းမျိုးနွယ်စုများ နေထိုင်ကြသည်။

ကိုယ့်အားကိုယ်ကိုးရေအားလျှပ်စစ်စက်ရုံရှိရာ ကနန်ရွာ ခမ်းပါတ်မြို့နယ်ခွဲရှိ ရေသွင်းနေသော ရေသွင်းမြောင်းရှည်နှင့် ရေအားလျှပ်စစ်စက်ရုံတို့ကို လေ့လာကြသည်။ ရေအားလျှပ်စစ် ရေသွင်းမြောင်းမှာအရှည်ပေ ၂၀၀၊ အကျယ် ခြောက်ပေရှိသည်။ အုတ်မြောင်းဖြင့် အခိုင်အမာတည်ဆောက်ထားသည်။ ချင်းပြည်နယ် တီးတိန်မြို့နယ်မှ စီးဆင်းလာသော တီအိုချောင်းရေကို သွယ်ယူ၍ ရေအားလျှပ်စစ် ထုတ်ယူထားခြင်းဖြစ်သည်။

မကြာမီ ရေအားလျှပ်စစ်အဖွဲ့ဝင်တစ်ဦးက ပိတ်ထားသော ရေကိုဖွင့်လိုက်သောအခါ ရေများတာဘိုင်ရှိရာသို့ ဒလဟောစီးဆင်းလာသည်။

တာဘိုင်မှရေအားကောင်းခြင်းကြောင့် ဝင်ရိုးအရှည် ခြောက်ပေခန့်ရှိရာမှ ခြောက်လက်မ ကျန်သည်အထိ ရေတက်လာသည်။ တာဘိုင်ဖြင့်ဆက်သွယ်ထားသော ကူဘိုတာရေစုပ်စက်ကို ဖွင့်လိုက်သောအခါ ရေအားလျှပ်စစ်ရုံထဲ၌ မီးထိန်ထိန်လင်းသွား လေသည်။

"ကျွန်တော်တည်ဆောက်ပေးခဲ့သမျှ တာဘိုင်ရေအားလျှပ်စစ်ထဲမှာ ဒီ ကနန်ရွာက ရေအားအကောင်းဆုံး၊ မီး အလင်းဆုံးပဲ။ အရင်က သူတို့ ရေရဟတ်လုပ်တာ မီးချောင်း ၅၀၀ပဲ လင်းတယ်။ အခု ကျွန်တော်တပ်ဆင်ပေးတဲ့ တာဘိုင်ရေအားလျှပ်စစ်က နှစ်ပေ မီးချောင်း ၈၀၀ လင်းတယ်" ဟု ဦးစိန်တိုးနှင့် ကနန်ရွာဥက္ကဋ္ဌတို့က ရှင်းပြသည်။

မီးချောင်း ၅၀၀ လင်းသော ကျွန်းသားရေရဟတ်ဖြင့် လည်ပတ်မီးထွန်းခဲ့သည့် ရေခပ်မောင်းကြီးရေရဟတ်ကြီးမှာ တာဘိုင်စက်ရုံနှင့် ကပ်လျက်ရှိသည်။ ထိုရေရဟတ်စက်ရုံမှာလည်း ယခင်အတိုင်းပင်ထားရှိသဖြင့် ကနန်ရွာတွင် ဦးစိန်တိုးတပ်ဆင်သော တာဘိုင်ရေအားလျှပ်စစ်စက်ရုံနှင့် ရေရဟတ်ဖြင့်လည်ပတ်သော ရေအားလျှပ်စစ်စက်ရုံနှစ်ရုံရှိနေသည်။ သို့သော် မီးချောင်း ၈၀၀ လင်းသော ဦးစိန်တိုး၏ တာဘိုင်ရေအားလျှပ်စစ်ဖြင့်သာ တစ်ရွာလုံးကို မီးပေးထားခြင်း ဖြစ်သည်ဟု သိရသည်။

ကလေးနယ်၌ ဦးစိန်တိုး တီထွင်တည်ဆောက်ထားသော တာဘိုင်ရေအားလျှပ်စစ်များစွာရှိသည်။ ကလေးနယ်၌ ဦးစိန်တိုး၊ ဦးမောင်ဝင်း၊ ဦးကျော်ရွှေ သုံးဦးတီထွင်သည့် တာဘိုင်ရေအားလျှပ်စစ်များစွာရှိသည်။ချင်းတောင်ခြေရင်း ကလေးနယ်၌ ချင်းတောင်တန်းပေါ်မှ စီးဆင်းလာသော ချောင်းမြောင်းများစွာရှိရာ ထိုချောင်းမြောင်းများမှ ရေအားလျှပ်စစ်ကို ထုတ်ယူ၍ တီဗွီကြည့်၊ မီးထွန်း၊ ဘက်ထရီအားသွင်းလုပ်ငန်းများဖြင့် ကျေးလက်နေပြည်သူများမှာ မြို့ကြီးများကဲ့သို့ မီးထိန်ထိန်လင်းလျက်ရှိသည်။

ယောနယ်ရှိ ဂန့်ဂေါမြို့နယ်၊ ထီးလင်းမြို့နယ်နှင့် ဆောမြို့နယ်တို့ရှိကျေးရွာများတွင်လည်း တာဘိုင်ရေအားလျှပ်စစ်များဖြင့်ကျေးရွာများစွာ မီးထိန်ထိန်လင်းလျက်ရှိသည်။ ဇာဟောရွာကြီး၏ အနောက်ဘက် လုံပောရွာတွင်လည်း လုံပောဆရာတော်က ရေအားလျှပ်စစ်ထုတ်လုပ်၍ မီးပေးထားရာ တစ်ရွာလုံး မီးထိန်ထိန်လင်းလျက်ရှိသည်။

ထိုနည်းတူ ထီးလင်းနယ်ရှိ တောမရွာ၊ ဝက်သက်ရွာတို့တွင်လည်း တာဘိုင်ရေအားလျှပ်စစ်များဖြင့် မီးထိန်ထိန်လင်းနေကြသည်ကို ခရီးသွားရင်း တွေ့ခဲ့ရသည်။ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်များကြောင့် ကလေးနယ်၊ တမူးနယ်နှင့် ယောနယ်တစ်ခွင် ကျေးရွာများသည် မီးထိန်ထိန်လင်း၍ ဖွံ့ဖြိုးတိုးတက်လျက် ရှိနေကြသည်။ ညစဉ် မြဝတီနှင့် မြန်မာ့ရုပ်သံမှ ထုတ်လွှင့်သော ရုပ်မြင်သံကြားအစီအစဉ်များ သာမက အချို့မှာစလောင်းများပင် တပ်၍ နိုင်ငံခြားရုပ်သံများကို ဖမ်းယူကြည့်ရှုလျက်ရှိနေကြသည်။ ကျေးရွာရေအားလျှပ်စစ်ကား နိုင်ငံတော်ကြီး ဖွံ့ဖြိုးသာယာရေးအတွက် များစွာ အထောက်အကူပြုလျက် ရှိနေကြသည်။

ရေရဟတ်ဖြင့် လည်းကောင်း၊ တာဘိုင်ဖြင့်လည်းကောင်း ရေအားလျှပ်စစ်ထုတ်ယူ၍ တစ်ရွာလုံး မီးထိန်ထိန်လင်းအောင် ပေးထားသည့် တမူးခရိုင် ခမ်းပါတ်မြို့နယ်ခွဲ ကနန်ကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်ရုံ။

ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်ဖြင့် တစ်ရွာလုံးမီးထိန်ထိန်လင်းနေသော ကလေး-တမူးသွား အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမကြီးပေါ်က ကနန်ရွာကလေးကား ရှုမငြီးစရာ။

မိခင်နို့တိုက်ကျွေးဖို့ တိုင်းရင်းနည်းဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့

ခေတ်မီနည်းစနစ်တို့ဖြင့် စမ်းသပ်ရှာဖွေတွေ့ရှိချက်များအရ မိခင်နို့ရည်သည် မွေးစကလေးများအတွက် မရှိမဖြစ်လိုအပ်သော ပရိုတင်း၊ ကစီဓာတ်၊ ဗီတာမင်၊ ဓာတ်ဆား စသည့် ဒြပ်ပစ္စည်းများ အချိုးအစား ညီမျှစွာ ပါဝင်ကြောင်း သိရှိရပါသည်။ မိခင်နို့ရည်သည် ကလေးငယ်များအတွက် အထူးသင့်လျော်သည့် အာဟာရစံနှုန်းနှင့် ရောဂါကာကွယ်ပေးသည့် ဂုဏ်သတ္တိများပြည့်ဝခြင်းကြောင့် ကလေးငယ်များမွေးပြီးပြီးချင်း ပထမတစ်နာရီအတွင်း စောနိုင်သမျှစော၍ မိခင်နို့တိုက်ကျွေးပေးရန် လိုအပ်ပါသည်။ ကလေးများအတွက် နို့ရည်၊ နို့ဦးရည်တို့တွင် ပါဝင်သည့် အဖိုးတန်အာဟာရဓာတ်များ၊ ရောဂါကာကွယ်ဆေးများအကြောင်းကို နို့တိုက်ကျွေးကြမည့် မိခင်လောင်းများ သိရှိကြစေရန် ကျေးလက်ဒေသအောက်ခြေအထိ အသိပညာများ ဖြန့်ဝေပေးနိုင်ကြလျှင် မိခင်များအားလုံး ထိုအသိတရားများ ရရှိသွားကြလျှင် မြန်မာနိုင်ငံရှိ မိခင်လောင်းများ၊ မိမိတို့နှင့်မွေးဖွားသည့် ကလေးတို့၏ကျန်းမာရေးကို ဂရုပြုမှာ ဧကန်မလွဲပင်ဖြစ်ပါသည်။

မိခင်လောင်းတို့သည် ကိုယ်ဝန်ဆောင်စဉ် အချိန်ကာလကပင် သန္ဓေသားလောင်းရှင်သန်မှုနှင့် ဖွံ့ဖြိုးမှုသည် မိခင်ကျန်းမာရေး၊ စိတ်နေသဘောထား၊ အစာအာဟာရ အစရှိသဖြင့် မိခင်တို့အပေါ် လုံးဝအမှီသဟဲပြုနေပါသည်။ ကိုယ်ဝန်ဆောင်စဉ် သန္ဓေသားရှင်သန်ဖို့ ခန္ဓာကိုယ်တွင်လိုအပ်သော ပရိုတင်း၊ ကစီ၊ ဗီတာမင်၊ သတ္တုရည်နှင့် ဒြပ်ပစ္စည်းများ လိုအပ်သည့်နည်းတူ တိုင်းရင်းဆေးပညာသဘောတရားအရ နေ့စဉ်စားသုံးနေကျ အစာအာဟာရများတွင် အရသာခြောက်ပါးပါရှိပြီး ထိုအရသာခြောက်ပါးနှင့် ညီညွတ်မျှတအောင် စားသောက်ခြင်းဖြင့် မိခင်ရော ကလေးပါ ကျန်းမာသန်စွမ်းနိုင်ပြီး တိုင်းရင်းဆေးပညာ အသိပညာပေးရန်၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်တို့အတွက် ဗဟုသုတအဖြစ် တင်ပြရပါသည်။

ဝတ်ရည်ဆွေ
(တိုင်းရင်းဆေးပညာဦးစီးဌာန)

မိမိတို့နေ့စဉ်စားသုံးနေကျအာဟာရများတွင် ချို၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန် အရသာခြောက်ပါးမှ ကင်းလွတ်သည့် အာဟာရမရှိပါ။ ဥပမာ-အမိကစားသုံးနေသည့် ထမင်းသည် ချိုဆိမ့်သော အရသာ ပါဝင်နေပြီး ဟင်းနှင့် တွဲဖက်စားသုံးသည့် ပရိုတင်းခေါ် အသားဓာတ်သည် အချို့ချိုပြီး အချို့အဆိမ့်၊ အရန်ဖြစ်သည့် အရည်သောက် ဟင်းချိုသည်လည်း ချိုသောအရသာ၊ ချဉ်ဟင်းသည်လည်း မန်ကျည်း (သို့) ရှောက်၊ သံပရာပါ၍ အချဉ် အရသာ၊ ငါးပိတို့စရာ စားသုံးကြရာတွင် အငန်အရသာ စသဖြင့် ချို၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန် တို့ကို နေ့စဉ်စားသုံးနေကြရပါသည်။ ထိုသို့စားသုံးရာတွင်လည်း မျှတစွာ စားသုံးပါမှ ကျန်းမာရေးနှင့် ညီညွတ်မှန်ကန်နိုင်ပါသည်။ ကိုယ်ဝန်ဆောင်နေစဉ်အတွင်း အရသာခြောက်ပါးမှ တစ်မျိုးတည်းဖြစ်စေ၊ နှစ်မျိုး သုံးမျိုးကို လွန်လွန်ကဲကဲ စားသုံးမိလျှင်၊ ဥပမာ-အချို၊ အဆိမ့်၊ ဖန်ခွဲသောအစာအာဟာရ လိုအပ်သည်ထက် ပိုစားပါက သလိပ်ဦးဆောင်သောကလေးများ မွေးဖွားလာပြီး ကလေးများဝဖြိုးသော်လည်း ရောဂါဖြစ်လျက်ချောင်းဆိုး၊ ရင်ကျပ်၊ အော့အန်ခြင်းများ ဖြစ်တတ်ပါသည်။ ပူ၊ စပ်၊ ချဉ်၊ ငန်သော သည်းခြေစာများ လိုအပ်သည်ထက် ပိုစားလျှင် မွေးဖွားလာသော ကလေးများ ပိန်ခြင်း၊ ကျောပူ၊ ခေါင်းပူထသောရောဂါများ အဖြစ်များတတ်ပါသည်။ အလားတူ မိခင်က လေဦးဆောင်သော အခါး၊ အငန်၊ အဖန် အစရှိသော အစားအစာများ လွန်စွာ စားသုံးလျှင် မွေးဖွားသော ကလေးမှာ လေထိုးလေအောင့်၊ လေဆန်၊ အော့အန်နာ၊ အအိပ်အနေနည်းခြင်းများဖြစ်တတ်ပါသည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်မိခင်များမှာ ကိုယ်ဝန်ဆောင်စဉ် မိခင်မေတ္တာဖြင့် ကျန်းမာသောကလေးများ မွေးဖွားလာစေရန် အစာအာဟာရကို ကျန်းမာရေးအသိဖြင့် စားသုံးသင့်ပါသည်။

ကိုယ်ဝန်ဆောင်စဉ် အစာအာဟာရကို ကျန်းမာရေးအသိဖြင့် စားသုံးရသလို နို့တိုက်ကျွေးစဉ်တွင်လည်း အရသာခြောက်ပါး ညီညွတ်မျှတဖို့ လိုအပ်ပါသည်။ တိုင်းရင်းဆေးပညာနည်းဖြင့် မိခင်နို့ရည်ကိုလည်း ရှစ်မျိုးခွဲခြားထားပြီး အကျိုးပြုသော နို့ရည်တစ်မျိုးနှင့် အပြစ်ပြုသော နို့ရည်ခုနစ်မျိုးရှိပါသည်။ အရသာခြောက်ပါး ညီညွတ်မျှတအောင် စားသုံးသော မိခင်၏ နို့ရည်သည် အကျိုးပြုသော နို့ရည်ဖြစ်၍ ထိုနို့ရည် သောက်သုံးသော ကလေးမှာ ရောဂါကင်းစေပြီး ကျန်းမာရေးနှင့် ညီညွတ်ပါမည်။ ခေတ်မီသိပ္ပံနည်းကျ ဓာတ်ခွဲခန်းတွင် စမ်းသပ်ခြင်းကဲ့သို့ တိုင်းရင်းဆေးပညာသဘောအရ ရှေးပဝေသဏီကပင် အာယုဗ္ဗေဒ ဆေးကျမ်းများက နို့ရည်စမ်းသပ်ပုံတို့ကို ဗဟုသုတအဖြစ်တင်ပြရလျှင် ဖန်ခွက်တစ်ခုထဲသို့ ရေအသင့်အတင့်ထည့်ပြီး မိခင်နို့ရည်ကို ဟင်းစားဇွန်းတစ်ဇွန်းလောင်းထည့်ကြည့်ပါ။ ရေနှင့် သမသွားလျှင် ကလေးအတွက် အပြစ်ကင်းစင်သော၊ အကျိုးပြုသော နို့ရည်ဖြစ်ပါသည်။ ရေဖန်ခွက်ထဲသို့ နို့ရည်ထည့်ပြီး ရေထဲတွင် အမျှင်တန်းနေခြင်း၊ ရေပေါ်တွင် ပေါ်နေခြင်း၊ ရေထဲတွင် နစ်မြုပ်ခြင်း၊ အမြုပ်တည်အနည်ထိုင်ပြီး အလယ်တွင် နေနေခြင်းစသော လက္ခဏာများ တွေ့ရလျှင် မစင်ကြယ်သော နို့ရည်၊ အပြစ်ရှိသော နို့ရည်ဖြစ်၍ ယင်းနို့ကို စို့သောကလေးတွင် ရောဂါတစ်မျိုးမျိုး ရှိနိုင်ပါသည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်မိခင်တို့အတွက် မိမိကလေးအား အပြစ်ကင်းစင် အကျိုးပြုသည့် နို့ရည်တိုက်ကျွေးနိုင်ဖို့ အရသာခြောက်ပါးညီမျှစွာ စားသုံးရမည်ဖြစ်ပါသည်။

နို့တိုက်ကျွေးရာတွင်လည်း ပထမအကြိမ် မိခင်နို့ကိုလစဉ် ကလေးနှင့်မိခင်တို့ အသားများစွာ ထိကပ်ထားခြင်းဖြင့် နွေးထွေးသော မေတ္တာရောင်ပြန် ကူးလူးဆက်ဆံခြင်းဖြစ်ပေါ်စေပြီး မိခင်အပေါ်တွင် တွယ်တာစိတ်၊ စိတ်ဓာတ်ရေးရာပါ လုံခြုံမှုရရှိစေနိုင်သည်။ မိခင်နို့စို့ရသဖြင့် ကလေးငယ်များတွင် ဖြစ်တတ်သော ရောဂါများ လျော့နည်းစေနိုင်သည်ဟု ပြောဆိုသော စကားမှာ မှန်ကန်ပါသည်။ တေမိဇာတ်တွင်ပါရှိသော နို့တိုက်ကျွေးရာတွင် ကျန်းမာရေးအတွက် ဂရုစိုက်ပုံများကို ကျမ်းဂန်များအရ သိရှိနိုင်ရန် ဖော်ပြရလျှင် တေမိဇာတ်တော်တွင် မင်းသားအား နို့တိုက်ကျွေးရန် အထိန်းတော်များ ရွေးချယ်ထားပုံမှာ လှပသောအသားအရေရှိပြီး နို့တိုက်ကျွေးနိုင်သော အပြစ်အနာအဆာမရှိသည့် အမျိုးသမီး ၂၄၀ ကို တေမိမင်းသားအတွက် ခန့်အပ်ခဲ့သည်။ ထိုအမျိုးသမီးများ ရွေးချယ်ရာနှင့် ပတ်သက်၍ အရပ် မတန်တဆရှည်လွန်းသော (သို့) ပုလွန်းသော အမျိုးသမီးအား မရွေးချယ်ရ။ အကြောင်းမှာ နို့တိုက်ကျွေးစဉ် ကလေးလည်တံဆန့်တန်းခြင်း၊ ထိန်းချုပ်ခြင်းတို့မှာ ကာကွယ်နိုင်ရန်ဖြစ်သည်။ အလွန်ပိန်လွန်းပါက ကလေးအား ပေါင်ခွင်ပေါ်တွင် ထားရှိလျှင် အရိုးနှင့်ထိ၍ နာကျင်မှုကို ဖြစ်ပေါ်စေသည်။ အလွန်ဝဖြိုးပါက ဝဖြိုးသောခန္ဓာကိုယ် တုန်ခါမှုကြောင့် ကလေးငယ်၏ ခြေဖျားအား လျော့နည်းစေပါသည်။ အမျိုးသမီး၏ ရင်သားက ရှည်၍ တွဲလွဲကျနေပါက ကလေး၏ နှာခေါင်းကို ဖိမိ၍ ပြားစေနိုင်သည်ဟူ၍ ဖော်ပြချက်များကို ကြည့်ခြင်းအားဖြင့် နို့တိုက်ကျွေးရာ၌ ကလေးငယ်အား ထိခိုက်မှုမရှိစေရေး စနစ်တကျ ဂရုစိုက်ရန် လိုအပ်ပါသည်။

နို့တိုက်ကျွေးရာတွင်လည်း မိခင်အချို့တွင် နို့မထွက်သည့် ပြဿနာများဖြစ်တတ်ရာ ကိုယ်ဝန်ရှိစဉ်က မိမိ၏ သားမြတ်ကို သန့်ရှင်းစေရန် နို့သီးခေါင်း ပြုပြင်မှုများ လိုအပ်သည်များကို ပြုပြင်ရုံသာမက မီးတွင်းကာလတွင် နို့ရည်ရရှိရန် အစာအာဟာရစားသုံးကြရာတွင် မြန်မာတို့၏ ရိုးရာဓလေ့အရ ယခုခေတ်ကဲ့သို့ ကော်ဖီ၊ နို့ မသောက်သုံးသည့် ကျေးလက်နေမိခင်များအဖို့ ဟင်းချို၊ ဟင်းခါးများကို အဓိက စားသုံးကြပါသည်။ ထမင်းစားသည့်အခါ ထမင်းနှင့်တွဲဖက်လျက် အရည်သောက်ဟင်းချို၊ ဟင်းခါး သောက်သုံးလေ့ရှိကြသည့်အတွက် နို့တိုက်မိခင်များအတွက် တိုင်းရင်းဆေးနည်းလက်ဆောင်အဖြစ် စလေဦးပုည၏ နို့ထွက်ဆေးနည်းပါဝင်သည့် နွားတစ်ကောင်လုံးအသုံးဝင်ပုံမှ ကောက်နုတ်ဖော်ပြလိုပါသည်။ စလေဦးပုညက ဟာသရသပြည့်စုံစွာ "မီးတွင်းမိန်းမ၊ နို့မရ၍ သားကတစာစာ၊ မာတာကြုံလှီ၊ နို့ရည်မလိုက်၊ ရှိသည်ခိုက်တွင် ပြောလိုက်မည်အပြီး၊ သည်နွားအမြီးကို၊ မီးဖုတ်ချက်ချင်း၊ တောက်တောက်စဉ်း၍ ဟင်းခါးလည်းချက်၊ ကြောင်ပန်းရွက်နှင့် နို့ပျက်မိန်းမ၊ သောက်လိုက်ရလျှင်၊ နို့လုံးရှင်သည်၊ သူ့လင်စို့တော့ မကုန်တည်း" ဟု နို့ထွက်ဆေးနည်းကို မှတ်သားစဖွယ်ရေးသားခဲ့ပါသည်။ စာရေးသူမှ အဆိုပါလင်္ကာအား ပြန်လည်တင်ပြရင်း အာဟာရတိုက်ကျွေးမှု ရက်သတ္တပတ် အထိမ်းအမှတ်အဖြစ် **'မိခင်နို့ တိုက်ကျွေးဖို့ တိုင်းရင်းနည်းဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့'** ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ဆေးနှင့်ဆေးပစ္စည်းများကို တစ်ပြေးညီဖြန့်ဖြူး အဆင့်အတန်းမီ ဓာတ်ခွဲကျွမ်းကျင်သူများဖြစ်အောင် လေ့ကျင့်

ရန်ကုန် ဩဂုတ် ၂၁

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ ဗဟိုဆေးသိုလှောင်ရေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအမျိုးအစားအလိုက် ဖြန့်ဖြူးပေးရသည့် ဆေးနှင့်ဆေးပစ္စည်းများကို အချိန်အခါနှင့် တစ်ပြေးညီဖြန့်ဖြူးဖြည့်ဆည်းရန်မှာကြားကာ လိုအပ်ချက်များကို ဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် မော်ကွန်းတိုက်လမ်းရှိ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ သွားရောက်၍ ညွှန်ကြားရေးမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဌာနခွဲတာဝန်ခံများနှင့် တွေ့ဆုံကာ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဓာတ်ခွဲမှုဆိုင်ရာ ရောဂါရှာဖွေစမ်းသပ်စစ်ဆေးမှုသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများအတွက် ကျွမ်းကျင်သောအဆင့်အတန်းမီ ဓာတ်ခွဲကျွမ်းကျင်သူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း မှာကြားပြီး ဓာတ်ခွဲကျွမ်းကျင်သူများ လေ့ကျင့်သင်တန်းပေးခြင်းနှင့် ရောဂါဗေဒဘွဲ့လွန်သင်တန်းပေးမှု လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မင်းကျောင်းလမ်းရှိ ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနခွဲ(ရန်ကုန်)ကို ကြည့်ရှုစစ်ဆေးခဲ့သည်။**(အပေါ်ပုံ)** (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ဟိုပုံးမြို့နယ်တွင် နိုင်ငံသား အရည်အချင်းပြည့်မီသူများအား ဩဂုတ် ၁၂ ရက်က ဟိုပုံး အထက(ခွဲ)၌ ကျောင်းသား၊ ကျောင်းသူများ၏ နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းနှင့် မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးစိုင်းသန်းလှိုင်တို့က ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းအေးစိန်ထံ ပေးအပ်စဉ်။

(မြို့နယ်ပြန်/ဆက်)

ကမ္ဘာ့သစ်ခွညီလာခံ၌ သစ်ခွချည်မျှင်ဖြင့် ရက်လုပ်ထားသည့် လော်ဝေါ်တိုင်းရင်းသူဝတ်စုံ ပြသမည်

ရန်ကုန် ဩဂုတ် ၂၁

အကြိမ်(၂၀)မြောက် ကမ္ဘာ့သစ်ခွညီလာခံ (World Orchid Conference) ကို စင်ကာပူသမ္မတနိုင်ငံ၌ နိုဝင်ဘာ ၁၃ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်းက ပြခန်းဖွင့်လှစ်ပြသပြီး စာတမ်းတင်သွင်းမည်ဟု သိရသည်။

မြန်မာနိုင်ငံပြခန်း၌ ကချင်ပြည်နယ်ဒေသထွက် သစ်ခွရိုးတံမှထုတ်လုပ်သည့် ချည်မျှင်ဖြင့် ရက်လုပ်ထားသော လော်ဝေါ်တိုင်းရင်းသူဝတ်စုံနှင့် မြန်မာ့သစ်ခွများ၊ စပ်မျိုးသစ်ခွများနှင့် သစ်ခွဖြင့် အလှဆင်ထားသည့် လက်မှုပစ္စည်းများကို ပြသသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံပန်းဝါသနာရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဒေါက်တာစောလွင်က မြန်မာနိုင်ငံကို ကိုယ်စားပြု၍ မြန်မာနိုင်ငံရှိ သစ်ခွများအခြေအနေနှင့် နောင်အနာဂတ် အလားအလာ အခြေအနေကောင်းများ စာတမ်းကို တင်သွင်းဖတ်ကြားမည်ဖြစ်သည်။

ကမ္ဘာ့သစ်ခွညီလာခံကို သုံးနှစ်တစ်ကြိမ်ခန့် ကမ္ဘာ့နိုင်ငံအသီးသီး၌ ကျင်းပခဲ့ရာ ၂၀၀၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ ကျင်းပခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်သည်။ (ညွှန့်သန်း-သတင်းစဉ်)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အခမ်းအနားကို ဩဂုတ် ၁ ရက်က ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ အစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါ်မြမြအေး အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဌာန ဝန်ထမ်းများက မိခင်နို့စနစ်တကျ တိုက်ကျွေးမှု သရုပ်ပြဆောင်ရွက်စဉ်။

(၃၂၉)

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ကွမ်းခြံကုန်း ဩဂုတ် ၂၁

ကွမ်းခြံကုန်းမြို့နယ် တောင်ဘက်ပိုင်းရပ်ကွက် တော်ခရမ်းလမ်းဘေးရှိ ရေနုတ်မြောင်းများ ဆယ်ယူခြင်း၊ ချုံနွယ်မြက်များ ရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းတို့ကို ဩဂုတ် ၂၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်း၊ အမှုဆောင်အရာရှိ ဦးခိုင်ကြည်သာလှ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများက စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ (ကြေးမုံ)

✻ ကျောဖုံးမှ

ပျော်ဘွယ် ကျောက်စဉ်စုများအထိ တူးဖော်စမ်းသပ်နိုင်ရေး ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားပြီး တွင်းအမှတ်(၁၆၆)ကို အောင်မြင်စွာ တူးဖော်ခဲ့ကြသော တွင်းတူးအဖွဲ့အား ဂုဏ်ပြုဆုငွေ ပေးအပ်၍တွင်းကို ကြည့်ရှုစစ်ဆေးသည်။

တွင်းအမှတ်(၁၆၆)ကို အနက်ပေ ၈၂၀၀ အထိ တူးဖော်ခဲ့ပြီး အနက် ပေ ၇၅၅၀ ရှိသဲကြောများအား စမ်းသပ်ဖောက်လုပ်ရာ ကနဦးထုတ်လုပ်မှု တစ်နေ့လျှင် ရေနံ ၃၃ စည်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၉ ဒသမ ၇၃၅ သန်းအထိ ထုတ်လုပ်နိုင်ခဲ့သည်။ ယခုအခါ တွင်းဖိအားနှင့် ထုတ်လုပ်နိုင်မှုကိုထိန်းသိမ်း၍ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ကုဗပေ ၄ ဒသမ ၅ သန်းသာ ထုတ်ယူပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ကြံခင်း ဘိလပ်မြေစက်ရုံသို့ ပို့လွှတ်ပေးလျက်ရှိသည်။ (သတင်းစဉ်)

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသို့ UN-HABITAT မှ လှူဒါန်းသော ရှာဖွေရေးနှင့် ကယ်ဆယ်ရေးဝတ်စုံများ ပေးအပ်

ရန်ကုန် ဩဂုတ် ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနသို့ UN-HABITAT မှ လှူဒါန်းသော ရှာဖွေရေးနှင့် ကယ်ဆယ်ရေးဝတ်စုံများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်)၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ UN-HABITAT ဌာနေကိုယ်စားလှယ် Mr. POPURI၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ အရာရှိကြီးများ တက်ရောက်ကြပြီး ရှေးဦးစွာ UN-HABITAT ဌာနေကိုယ်စားလှယ် Mr. POPURI က ရှာဖွေရေးနှင့် ကယ်ဆယ်ရေးဝတ်စုံများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနအတွက် ရှာဖွေရေးနှင့် ကယ်ဆယ်ရေး ဝတ်စုံများကို UN-HABITAT ဌာနေကိုယ်စားလှယ်က ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်ခဲ့သည်။ (သတင်းစဉ်)

ဂွမြို့နယ်သူ၊ မြို့နယ်သားများ(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်ရောက် ဂွမြို့နယ်သူ၊ မြို့နယ်သားများ၏ စုပေါင်းလှူဒါန်းပွဲကို စက်တင်ဘာ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီ တွင် သုခိတာရာမပရိယတ္တိစာသင်တိုက် ဥယျာဉ်ကျောင်းလမ်း ဗဟိုလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးချစ်မောင် ဖုန်း-၀၉-၅၁၀၀၁၀၅၊ ဦးယဉ်မောင် ဖုန်း-၀၉-၇၃၀၁၉၈၆၇၊ ဦးချစ်သိန်း ဖုန်း-၅၄၇၆၅၊ ဦးမြင့်ဆွေ ဖုန်း-၅၄၈၈၉၂၊ ဒေါ်ခင်မူ ဖုန်း-၅၂၆၁၀၅နှင့် ဦးစိုးထွန်းလင်း ဖုန်း-၀၉၅၀၃၃၅၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၃၀ရက်က ကျင်းပရာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရှင် မကြယ်စင်လင်းအား ကျောင်းအုပ်ဆရာကြီး ဦးဝင်းသိန်း ဆုချီးမြှင့်စဉ်။ (၅၆၈)

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ရဲတပ်ဖွဲ့ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၁

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ရဲတပ်ဖွဲ့၏ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲ အခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက် ၇ နာရီတွင် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ပြည်မြို့ နဝင်းရဲရိပ်သာဝင်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများမှ တပ်ဖွဲ့ဝင်များနှင့် ပြည်မြို့အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)ရဲစခန်းများမှ တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ အင်အား ၁၂၀ ခန့်တို့သည် ရဲရိပ်သာဝင်းအတွင်း မြက်၊ ချုံများနှင့် အမှိုက်သရိုက်များရှင်းလင်း ဖယ်ရှားခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းများတူးဖော်ရှင်းလင်းခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပေါ်စေရေးအတွက် ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးမှုတ်ခြင်းများကို ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ယင်းဆောင်ရွက်လုပ်ကိုင်ရာသို့ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ရဲတပ်ဖွဲ့မှ ရဲမှူးကြီးကျော်ဆွေနှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေးခဲ့သည်။(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၈-၂၀၁၁ (တနင်္လာနေ့)
[၁၃၇၃ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)]

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	“ဘုန်းတော်ထင်ရှား ရှင်တော်မဟာမြတ်မုနိဘုရား”
၈း၀၀	၆။	သံသာချိုအေးမင်္ဂလာတေး
၈း၀၅	၇။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၅	၈။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၅	၉။	၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၅-၁၀ နှစ်) (အမျိုးသား၊ အမျိုးသမီး)
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	Islands of Dhamma
၈း၅၀	၁၂။	ဘဒ္ဒန္တပဏ္ဍဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဒုတိယ ဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မြစည်းခုံစာသင်တိုက် တောင်ငူမြို့ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပဒေသာ
၄း၂၀	၃။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၅	၄။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့ ဖျော်ဖြေခန်း)
၄း၃၅	၅။	အမှတ်(၃) အခြေခံပညာဦးစီးဌာန စတုတ္ထအကြိမ်မြောက် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) [အထက(၂) ဒဂုံ] (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄း၅၅	၆။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅း၀၅	၇။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀	၈။	မြန်မာစာ၊ မြန်မာစကား
၅း၂၀	၉။	တေးဂီတအစီအစဉ်
၅း၃၀	၁၀။	အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန အောက်ရှိတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပညာရေးကောလိပ်များ ရေကူးပြိုင်ပွဲ (အပိုင်း-၁)
၅း၄၅	၁၁။	၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [ဝါသနာရှင် (ပထမတန်း)အဆင့်] (အမျိုးသား)
၆း၀၀	၁၂။	ညနေခင်းသတင်း
၆း၁၅	၁၃။	မိုးလေဝသအခြေအနေ
၆း၂၀	၁၄။	ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ “သစ္စာနှလုံးသား (အပိုင်း-၁၉)**
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	ကမ္ဘာကျော်သရုပ်ဆောင်များ
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ပန်းသုံးပွင့်ရဲ့ ဒိုင်ယာရီ” (အပိုင်း-၃)**
	၂၁။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
	၂၂။	အစီအစဉ်ပြီး၏။

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အောင်ဇေယျရပ်ကွက်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ဒုတိယပတ်အဖြစ် ငါးနှစ်အောက်ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေးအတွက် ဗီတာမင်အေတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအား သံချဆေး၊ သံဓာတ်အားဆေး၊ ဗီတာမင်ဘီ-၁ ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ စုပေါင်းတိုက်ကျွေးကြစဉ်။ (၅၆၄)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

ဒီဇင်ဘာတွင် ဂျပန်ပရိသတ်များနှင့် တွေ့ဆုံမည့် ကိုရီးယားမင်းသား လီပြောင်ဟွန်း

ကိုရီးယားနာမည်ကျော် ငွေကြယ်ပွင့် လီပြောင်ဟွန်းသည် လာမည့် ဒီဇင်ဘာတွင် ဂျပန်နိုင်ငံ၌ ပရိသတ်များနှင့် တွေ့ဆုံပွဲများပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်း၏ အေဂျင်စီက ထုတ်ဖော်ပြောကြားသည်။



ဂျပန်ပရိသတ်နှင့် တွေ့ဆုံမည့် ကိုရီးယားမင်းသား လီပြောင်ဟွန်း။

လီပြောင်ဟွန်း၏ အေဂျင်စီ BH က သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားရာတွင် မင်းသားလီပြောင်ဟွန်းသည် လာမည့်ဒီဇင်ဘာတွင် ဂျပန်နိုင်ငံ၏ အဓိက မြို့ကြီးသုံးမြို့တွင် ပရိသတ်များနှင့် တွေ့ဆုံပွဲများ ပြုလုပ်သွားမည်ဟုဆိုသည်။

လီပြောင်ဟွန်းသည် ၂၀၀၆ ခုနှစ်ကလည်း ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး တိုကျိုမြို့တော်တွင် ပရိသတ်များနှင့် တွေ့ဆုံပွဲပြုလုပ်ခဲ့သည်။ လီပြောင်ဟွန်းသည် ၂၀၀၁ ခုနှစ်က ကိုရီးယားနာမည်ကျော် မင်းသမီးချော ခွဲဂျီဝူးနှင့်အတူ ပါဝင်သရုပ်ဆောင်ခဲ့သည့် Beautiful Days ရုပ်သံဇာတ်လမ်းတွဲပြီးနောက်ပိုင်း ဂျပန်နိုင်ငံတွင် လူကြိုက်များရေပန်းစားသည့် ကိုရီးယားကြယ်တစ်ပွင့်ဖြစ်လာခဲ့သည်။ ထို့ပြင် မင်းသား လီပြောင်ဟွန်းသည် နာမည်ကျော် ရုပ်သံဇာတ်လမ်းတွဲ IRIS တွင်လည်း ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။

ယခုအခါ လီပြောင်ဟွန်းသည် အမေရိကန်ပြည်ထောင်စုတွင် ရောက်ရှိနေပြီး နာမည်ကျော် ဟောလီဝုဒ် ဇာတ်ကား G.I Joe: The Rise of The Cobra ဇာတ်ကား၏ နောက်ဆက်တွဲတွင် ပါဝင်သရုပ်ဆောင်လျက်ရှိသည်။ ယင်းဇာတ်ကားကို ၂၀၁၂ ခုနှစ်တွင် ရုံတင်ပြသရန် စီစဉ်ထားသည်။ ***အင်တာနက်။***

ဆယ်ကျော်သက် အနုပညာရှင်များတွင် ဂျက်စတင်ဘီဘာ ဝင်ငွေအကောင်းဆုံး

ဟောလီဝုဒ်၏ အချမ်းသာဆုံး ဆယ်ကျော်သက် အနုပညာရှင်များ၏ စာရင်းကို ပရာဒီမဂ္ဂဇင်းက ထုတ်ပြန်ခဲ့ရာ ကနေဒါပေါ့ပ်အဆိုကျော် ဂျက်စတင်ဘီဘာက ထိပ်ဆုံးမှ ရပ်တည်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

Never Say Never တေးသီချင်းဖြင့် လူသိများထင်ရှားခဲ့သူ အသက် (၁၇) နှစ်အရွယ်သာရှိသေးသည့် ဂျက်စတင်ဘီဘာက အမေရိကန်ဒေါ်လာ ၅၃ သန်းဖြင့် နံပါတ်တစ်နေရာတွင် ရှိနေကြောင်း ပရာဒီမဂ္ဂဇင်းက စနေနေ့တွင် ရေးသားဖော်ပြသည်။

ဂျက်စတင်ဘီဘာ၏နောက် ဒုတိယနေရာတွင် တေးသံရှင် မီလာဆိုင်းယက်စ်က အမေရိကန်ဒေါ်လာ ၄၈ သန်း၊ တတိယနေရာတွင် Twilight ဇာတ်ကားမှ မင်းသား တေလာလော်တနာက အမေရိကန်ဒေါ်လာ ၁၆ သန်းနှင့် စတုတ္ထနေရာတွင် Two and a Half Men ဇာတ်ကားမှ မင်းသား အန်ဂတ်စ်ဂျုန်းစ်က အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ သန်းဖြင့် အသီးသီးရပ်တည်လျက်ရှိသည်။



အချမ်းသာဆုံး ဆယ်ကျော်သက် အဆိုတော် ဂျက်စတင်ဘီဘာ။

အောင်မင်းစိုး

မလှိုင် အထက (၁၃)ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်

မလှိုင် ဩဂုတ် ၂၁

မလှိုင် အထက ကျောင်းသား၊ ကျောင်းသူဟောင်းများအသင်း၏ (၁၃)ကြိမ်မြောက် ပညာရည်ချွန်ဆုနှင်းသဘင် အခမ်းအနားကို မလှိုင်အထက ဇေယျဝတီခန်းမ၌ ဩဂုတ် ၉ ရက်က ကျင်းပသည်။

မလှိုင် အထကမှ ၂၀၁၀-၂၀၁၁ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသော ဘာသာစုံဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၇ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၂၀၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၂၂ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၄၅ ဦး၊ ထူးချွန်ဂုဏ်ထူးရကျောင်းသား ၁၃၀ နှင့် တန်းစဉ် ပဥ္စမတန်းမှ နဝမတန်းအထိ ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသော ထူးချွန် ကျောင်းသား ၁၈ ဦး စုစုပေါင်း ၁၄၈ ဦးတို့အား ပညာရည်ချွန်ဆုများ ချီးမြှင့်သည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းဆွေက အမှာစကားပြောကြားပြီး မလှိုင် အထက ကျောင်းသား၊ ကျောင်းသူဟောင်းများအသင်း ဥက္ကဋ္ဌ ဦးသောင်းတင့်က နှစ်စဉ် ပညာရည်ချွန်ဆုပေးပွဲများ ကျင်းပချီးမြှင့်ရခြင်း အကြောင်း ပြောကြားသည်။ (ကြေးမုံ)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် မြစိမ်းရောင်ချောင်း ရေနုတ်မြောင်းဖောက်လုပ်ရေးလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိုးစပါး၊ နွေစပါးများအား သိပ္ပံနည်းကျစိုက်ပျိုးပြသ စပါးအလေအလွင့်မရှိစေရေးနှင့် ပျမ်းမျှအထွက်နှုန်း စနစ်တကျမှတ်တမ်းတင်

ရန်ကုန် ဩဂုတ် ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် ထန်းတပင်မြို့နယ်ကြား တူးချောင်းကျေးရွာအနီး မြစိမ်းရောင်ချောင်း ဖောက်လုပ်ရေးလုပ်ငန်းခွင်သို့ ဩဂုတ် ၂၀ ရက် နံနက် ၈ နာရီခွဲတွင် ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကံညွန့်က မြစိမ်းရောင်ချောင်း ရေနုတ်မြောင်း တူးဖော်ပေးနိုင်ခဲ့ခြင်းကြောင့် မြို့နယ်များအတွင်း မိုးစပါးများ ရေမြုပ်ခြင်းမှ ကာကွယ်ပေးနိုင်မှု အခြေအနေနှင့် နွေစပါးဧက ၄၀၀၀ ခန့် စိုက်ပျိုးနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မြစိမ်းရောင်ချောင်း ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း ပိုမိုထိရောက်လျင်မြန်စေရန် စက်ယန္တရားကြီး နှစ်စီး ထပ်မံဖြည့်တင်းဆောင်ရွက်သွားရန်နှင့် အကျိုးပြုမိုးစပါးစိုက်ဧကများ မှန်ကန်ရေး၊ အမှန်တကယ် စိုက်ပျိုးဖြစ်ထွန်းမည့် နွေစပါးစိုက်ဧက ကိန်းဂဏန်း မှန်ကန်စွာ တင်ပြရေး၊ တစ်ဧက တင်း ၁၀၀ ကျော် ထွက်ရှိနိုင်မည့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို ထိထိရောက်ရောက် စိုက်ပျိုးပြသ ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် လှည်းကူးမြို့နယ် မလစ်ကျေးရွာအုပ်စု တော်တမတ်မြောင်း တူးဖော်ရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လက်ရှိဆောင်ရွက်နေသည့် တူးမြောင်းနှင့် တစ်ဆက်တည်း မလစ်ရွာပတ်ဝန်းကျင် လယ်ဧက ၁၀၀၀ ခန့်အား မိုးစပါး၊ နွေစပါး အကျိုးပြုနိုင်မည့် ပေ ၁၀၀၀၀ ခန့် အရှည်ရှိ တူးမြောင်း တိုးချဲ့ဖောက်လုပ်ရန် မှာကြားကာ တောင်သူလယ်သမားများ၏ တင်ပြချက်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ခေတ်မီ စက်မှုလယ်ယာ စပါးစိုက်ဧက ၁၀၀၀၀ စိုက်ခင်းအတွင်း ဖြစ်ထွန်းအောင်မြင်နေသော မိုးစပါးစိုက်ခင်းများနှင့် အထူးဇုန်(၂)အတွင်း Green Asia ကုမ္ပဏီ၏ မိုးစပါး တစ်ဆက်တစ်စပ်တည်း ဧက ၅၀၀ စိုက်ခင်းအတွင်း ရင့်မှည့်အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများကို ကြည့်ရှုစစ်ဆေးအားပေးပြီး စပါးအလေအလွင့် မရှိစေရေးနှင့် တစ်ဧက ပျမ်းမျှအထွက်နှုန်း စနစ်တကျ မှတ်တမ်းတင်ရေးတို့ကို မှာကြားခဲ့သည်။ (သတင်းစဉ်)

ရွှေမိုးပွင့်အေးကုမ္ပဏီလီမိတက် Wellness Center ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ရွှေမိုးပွင့်အေးကုမ္ပဏီလီမိတက်၏ Wellness Center ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ်(၇၈/စီ)၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ ရွှေမိုးပွင့်အေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ စာပေနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ကုမ္ပဏီများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရွှေမိုးပွင့်အေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါ်သင်းသင်းအေးက Wellness Center ကို ဖွင့်လှစ်ပေးပြီး ပြင်သစ်နိုင်ငံမှ ထုတ်လုပ်သော ESG Scan နှင့် ဂျပန်နိုင်ငံမှ ထုတ်လုပ်သော MI Energy စက်များကို အသုံးပြုပြီး ကျန်းမာရေးဝန်ဆောင်မှုပေးမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

Wellness Center အား ပိတ်ရက်မရှိ နေ့စဉ် နံနက် ၉ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်မည်ဖြစ်သည်။ ရွှေမိုးပွင့်အေးကုမ္ပဏီလီမိတက်၏ Wellness Center နှင့်

ဆက်သွယ် ဆောင်ရွက်လိုပါက အမှတ်(၇၈/စီ) ကျိုက္ကဆံလမ်း တာမွေမြို့နယ် ရန်ကုန်မြို့ (United Living Mall)အနီး ဖုန်း-၀၉-၄၇၀၂၂၉၀၃ နှင့် ၀၉-၄၃၀၂၈၉၂၄ တို့သို့ ဆက်သွယ်နိုင်သည်။ (ကြေးမုံ)

စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်က ဒဏ်ငွေကျပ် ၁၀၀၀၀ ပေးဆောင်ရမည်

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်မြို့အား သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် လူသွားစင်္ကြံလမ်းဘေးနှင့် နောက်ဖေးလမ်းကြားတို့၌ စည်းကမ်းမဲ့ အမှိုက်များစွန့်ပစ်ကြောင်း စစ်ဆေးတွေ့ရှိပါက ဒဏ်ငွေကျပ် ၁၀၀၀၀ ပေးဆောင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူအား လက်ပူးလက်ကြပ်ဖမ်းမိအောင် သတင်းပေးသူအား အဆိုပါဒဏ်ငွေကျပ် ၁၀၀၀၀ မှ ထက်ဝက်ကို ဆုအဖြစ် ချီးမြှင့်မည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။(ညွှန့်သန်း-သတင်းစဉ်)

ရန်ကုန်မြို့နေ ဗိုလ်မှူးသန်းထွန်း (ငြိမ်း)-ဒေါ်ခင်မြတ်မွန်မိသားစုက ဒိုက်ဦးမြို့ ကန်ဦးအထက ပညာရေးပဒေသာပင် ဖောင်ဒေးရှင်းသို့ ကန်ဦးဖောင်ဒေးရှင်းပညာသင်ဆုအတွက် အလှူငွေကျပ် ငါးသိန်းကို ဖောင်ဒေးရှင်းအမှုဆောင် ဥက္ကဋ္ဌ ဦးစိုးဝင်း(ဆင်သရဖူ) ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဘိန်းခင်း ၁၇၄၀၇ ဧက ဖျက်ဆီး

ရန်ကုန် ဩဂုတ် ၂၁

၂၀၁၀ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၁၁ ခုနှစ် ဩဂုတ် ၆ ရက် အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘိန်းခင်း ၁၇၃၉၉ ဒသမ ၅ ဧက ဖျက်ဆီးနိုင်ပြီး ၂၀၁၁ ခုနှစ် ဩဂုတ် ၇ ရက်မှ ၁၃ ရက်အထိ ရှမ်း ပြည်နယ် မောက်မယ်မြို့နယ်အတွင်း ဘိန်းခင်း ငါးဧက၊ ပင်လောင်းမြို့နယ် အတွင်း ဘိန်းခင်း ၂ ဒသမ ၅ ဧကကို ထပ်မံဖျက်ဆီးနိုင်ခဲ့ရာ ၂၀၁၀-၂၀၁၁ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်း ၁၇၄၀၇ ဧက (၇၀၄၄ ဒသမ ၅၁ ဟက်တာ) ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

(ဝင်းဝင်းမော်-သတင်းစဉ်)

လောင်းကစားမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးဆိုးကျိုးများ ဟောပြော

နေပြည်တော် ဩဂုတ် ၂၁

ဆိပ်ကြီးခနောင်တိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ လောင်းကစားမှုကင်းစင်ပပျောက်ရေးနှင့် မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးအလွဲသုံးမှုအန္တရာယ် ပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလွင်၊ အရှေ့ပိုင်းခရိုင် မူးယစ်အထူးအဖွဲ့မှ ဒုတိယရဲမှူးဇော်မင်းဦးနှင့် မြို့နယ်တရားသူကြီး ဦးမျိုးသန့်တို့က တက်ရောက်လာကြသူများအား ဟောပြောကြသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၂-၈-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၅။ မြန်မာ့ရှုခင်း
- ၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ စိုက်ပျိုးသုတ
- ၄း၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၃၀ ၆။ ပညာပေးဇာတ်လမ်းတို -ချစ်လွန်းလို့
- ၄း၃၅ ၇။ ဗွီစီဒီကျော်ကြားတေး
- ၄း၅၀ ၈။ သန့်စွာကိုင်လေစက္ကူငွေ
- ၅း၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၂၉)**
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၄၂)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ဒို့တာဝန်အရေး(၃)ပါး
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ Talk Of The Town
- ၂၁။ မေးမြန်းစူးစမ်း
- ၂၂။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ (အပိုင်း-၁၁)**
- ၂၅။ Mini Series

၂၀၁၁ အတွင်း ယာဉ်လုပ်သားထုတ်ပယ်မှု ဩဂုတ်လ၌ အနည်းပါးဆုံးဖြစ်နိုင်

ရန်ကုန် ဩဂုတ် ၂၁

၂၀၁၁ ခုနှစ်အတွင်း ခရီးသည်တင်ယာဉ်လိုင်းများမှ စည်းကမ်းပျက်သော ယာဉ်လုပ်သားများကို ထုတ်ပယ်ရာတွင် ဩဂုတ်လ၏ ထုတ်ပယ်မှုပမာဏမှာ ၂၀၁၁ အတွင်း အနည်းပါးဆုံးဖြစ်နိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လကုန်အထိ ထုတ်ပယ်ယာဉ်လုပ်သား ၁၃၃ ဦးရှိခဲ့ပြီး ဩဂုတ် ၁၅ ရက်အထိ ထပ်မံထုတ်ပယ်သူ တစ်ဦးသာရှိခြင်းကြောင့် ၂၀၁၁ ခုနှစ်အတွင်း စုစုပေါင်းထုတ်ပယ်ယာဉ်လုပ်သား ၁၃၄ ဦး ရှိသော်လည်း ဩဂုတ်လ၏ထုတ်ပယ်မှုမှာ ပမာဏအလွန်နည်းပါးနိုင်သည့် အခြေအနေဖြစ်သည်ကို မထသ(ဗဟို)မှ ဩဂုတ် ၁၇ ရက်က မီဒီယာများနှင့် တွေ့ဆုံရှင်းလင်းစဉ် ထုတ်ပြန်သောစာရင်းများတွင် ဖော်ပြထားသည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီတွင် ၂၁ ဦး၊ ဖေဖော်ဝါရီတွင် ၁၁ ဦး၊ မတ်လတွင် ၁၇ ဦး၊ ဧပြီလတွင် ၂၂ ဦး၊ မေလတွင် ၃၀ ဦး၊ ဇွန်လတွင် ၁၉ ဦး၊ ဇူလိုင်လတွင် ၁၃ ဦး ထုတ်ပယ်မှုရှိခဲ့ပြီး မေလ၏ထုတ်ပယ်မှုမှာ ၂၀၁၁ ခုနှစ်အတွင်း အမြင့်ဆုံးဖြစ်ခဲ့ကြောင်း၊ အများဆုံးထုတ်ပယ်ခံရသောယာဉ်လိုင်းမှာ ဗန္ဓုလ(ပါရမီ)မှ ယာဉ်လိုင်းများဖြစ်ပြီး စုစုပေါင်း ၆၇ ဦးဖြစ်သကဲ့သို့ မထသ (မြို့တွင်း) အောက်ရှိယာဉ်လိုင်းများမှ ၄၅ ဦးဖြင့် ဒုတိယအများဆုံး ထုတ်ပယ်ခံရသော ယာဉ်လိုင်းဌာနဖြစ်ကြောင်း သိရသည်။ ထက်ခိုင် (စမ်းချောင်း)

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်) စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)၏ တတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ် ၅ ရက် နံနက်က တက္ကသိုလ်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာနိုင်ဝင်းနှင့် တာဝန်ခံဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာသီတာအောင်တို့က သွေးလှူဒါန်းပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သွေးလှူရှင်များကိုယ်စား (၁၇) ကြိမ်မြောက် သွေးလှူရှင် မြန်မာစာနည်းပြ ဒေါ်စံပယ်ဝင်းက သွေးလှူဒါန်းမှုအတွေ့အကြုံနှင့် ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် ပါမောက္ခချုပ်၊ ကထိက၊ ဌာနမှူးများ၊ ဆရာ၊ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ (၈၃)ကြိမ်မြောက် သွေးလှူရှင်တစ်ဦး အပါအဝင် စုစုပေါင်း ၃၄ ဦးတို့က စုပေါင်းသွေးလှူဒါန်းရာ အမျိုးသားသွေးဌာနမှ တာဝန်ခံ ဆရာဝန်ကြီးနှင့် အဖွဲ့က လက်ခံရယူကြသည်။ (ကြေးမုံ)

❖ ရှေ့ဖုံးမှ

စီးပွားရေးအခြေခံများကဏ္ဍ၌ စာတမ်းရှင်ငါးဦး တင်သွင်းခဲ့သည့် စာတမ်းငါးစောင်နှင့် ပတ်သက်၍လည်းကောင်း၊ အပိုင်း(၃) သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သော သံအမတ်ကြီး (အငြိမ်းစား) ဦးလှမောင်က ဝန်ဆောင်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများကဏ္ဍ၌ စာတမ်းရှင်ငါးဦး တင်သွင်းခဲ့သည့် စာတမ်းငါးစောင်နှင့် ပတ်သက်၍ လည်းကောင်း၊ အပိုင်း(၄)သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သော နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးဆက်အောင်က ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကဏ္ဍ၌ စာတမ်းရှင်ငါးဦး တင်သွင်းခဲ့သည့် စာတမ်းငါးစောင်နှင့် ပတ်သက်၍ လည်းကောင်း၊ အပိုင်း(၅) သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သော မြန်မာ့အရှေ့တိုင်းဘဏ်ဥက္ကဋ္ဌ ဦးမြသန်းက ဘဏ္ဍာရေးနှင့် ငွေကြေးပေါ်လစီဆိုင်ရာ ဆောင်ရွက်မှုများကဏ္ဍ၌ စာတမ်းရှင်လေးဦး တင်သွင်းခဲ့သည့် စာတမ်းလေးစောင်နှင့် ပတ်သက်၍ လည်းကောင်း စာတမ်းရှင်များ၏ တင်ပြချက်၊ အကြံပြုချက်နှင့် လက်တွေ့ဆောင်ရွက်ရန် အကြံပြုချက်များကို ကဏ္ဍအလိုက် ဖော်ထုတ်သုံးသပ် ဆွေးနွေးကြသည်။

အကြံပေးဆွေးနွေး

ထို့နောက် ခေတ်သစ်ပြည်သူ့ပါတီမှ ဦးထွန်းအောင်ကျော်၊ စီမံကိန်း စိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မျိုး၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးကိုကို၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီမှ ဦးစိုးမောင်နှင့် မင်္ဂလာမြန်မာအသင်းမှ ဒေါက်တာဖုန်းဝင်းတို့က သိရှိလိုသည်များကို မေးမြန်းကြပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ(အငြိမ်းစား) ဒေါ်ရီရီမြင့်၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ဝါဝါမောင်၊ ပထမ ပုဂ္ဂလိကဘဏ်လီမိတက်ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ(အငြိမ်းစား) ဒေါက်တာသန်းညွန့်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ဝိုင်းဝန်းအကြံပေး ဆွေးနွေးကြသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဖြည့်စွက်ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ဆွေးနွေး

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ (အငြိမ်းစား) ဒေါက်တာသန်းညွန့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်းနှင့် ဦးလှထွန်းတို့က ဖြည့်စွက်ရှင်းလင်း ဆွေးနွေးကြပြီး ညနေ ၃ နာရီတွင် အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ရှေ့လုပ်ငန်းစဉ်ချမှတ်

ယနေ့ကျင်းပပြီးစီးသွားသည့် အလုပ်ရုံဆွေးနွေးပွဲ ဖော်ထုတ်ချက်များမှ တစ်ဆင့် လက်တွေ့အကောင်အထည်ဖော်ရမည့် လုပ်ငန်းအစီအမံများကို ရှေ့လုပ်ငန်းစဉ်များအဖြစ် ချမှတ်ပြီး စီးပွားရေးနှင့်လူမှုရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် မက်ခရိုစီးပွားရေးမူဝါဒ မြှင့်တင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အစိုးရနှင့် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ၌ အပိုင်း(၆) မက်ခရိုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ်များ ဖော်ထုတ်ခြင်းကဏ္ဍတွင် သဘာပတိအဖြစ် နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဒေါက်တာဦးမြင့် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ (အငြိမ်းစား) ဒေါ်ရီရီမြင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးကိုကို မေးမြန်းစဉ်။ (သတင်းစဉ်)

အမရပူရမြို့နယ် မိုးစပါးသိပ်ပွဲနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်းသရုပ်ပြ

မြစ်ငယ် ဩဂုတ် ၂၁

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု ကွင်းအမှတ်-၅၈၈(ဂ)ရှိ တောင်သူဦးတင်ထွန်း၏ လယ်မြေ ၁၀ ဧကတွင် ဆင်းသုခ မိုးစပါးသိပ်ပွဲနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်းသရုပ်ပြပွဲကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

သိပ်ပွဲနည်းကျ ပေါင်စနစ်ဖြင့် စပါးပျိုးထောင်စိုက်ပျိုးရာတွင် ခရိုင်မန်နေဂျာ ဦးကျော်မြင့်က စပါးစိုက်ပျိုးစိုက်နည်းစနစ် ၁၄ ချက်ကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်ဇော်က မျိုးစေ့များ စနစ်တကျ ပျိုးထောင်ထားရှိသဖြင့် ပျိုးပင်များ သန်မာထွားကျိုင်းလာပြီး ပင်ပွားများ ပျိုးသက် ၂၀ ရက်အတွင်း စိုက်ပျိုးနိုင်ကာ တစ်ဧကတင်း ၁၀၀ ကျော် ထွက်ရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြီး စိုက်ပျိုးရေးဝန်ထမ်းများက လက်တွေ့ ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်းကို သရုပ်ပြသကြောင်း သိရသည်။**(ဝဲပုံ)** (၄၃၃)

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အထက(၁)ကျောင်းခန်းမ၌ ဩဂုတ် ၁၃ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ ကျင်းပရာ ကျောက်တံတားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးကျော်မြင့်နိုင်က နိုင်ငံသားအရည်အချင်း ပြည့်မီသူ ၁၁၅ ဦးတို့ကိုယ်စား ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ ပေးအပ်စဉ်။

(မြို့နယ်လဝက)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၈-၂၀၁၁ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ “ကံနှင့်ဝိပါက်ဘယ်ဟာ ကြောက်စရာကောင်းလဲ” တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၆း၅၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၁၀၃)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၄၅)**
- ၈း၅၀ ဗုဒ္ဓနှစ်(၂၆၀၀)ပြည့်မြောက် ဆွမ်းဆက်ကပ်လှူဒါန်းပွဲ
- ၉း၀၅ ကြည်နူးဝမ်းသာ သာဓုခေါ်စရာ မုံရွာမြို့မှ အလှူတော်မင်္ဂလာ
- ၉း၁၅ နိဗ္ဗာန်အကျိုးမျှော်လှူဒါန်းသော် ကျောင်းရေစက်ချအလှူတော်
- ၉း၃၀ Intellectual Talk (Change Management)
- ၁၀း၃၅ နယ်ဉ်ဆန်းထွင်ပန်းအလှဆင် (ပန်းကိုင်းများဖြင့် တြိဂံပုံဒီဇိုင်း အလှပြင်ဆင်ပုံ)
- ၁၁း၀၀ Celebrity Choice (အိမ့်ချစ်)
- ၁၁း၃၅ A Journey to Korea (Part-2)
- ၁၂း၁၀ မြတ်နိုးဖွယ်ရာ မြန်မာကဗျာ (မြင်းမူမောင်နိုင်မိုး)
- ၁၂း၃၅ သကျမိတာ စာသင်တိုက် စာအောင် ဘွဲ့တံဆိပ်ရ သာသနာ့အာဇာနည် ချီးကျူးပူဇော်ပွဲ
- ၁း၀၀ “ကံနှင့်ဝိပါက်ဘယ်ဟာ ကြောက်စရာကောင်းလဲ” တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ရွှေမန္တလာမြေမှ သာသနာ့အလင်းရောင်
- ၂း၄၅ ဆန်းရွှေပြည်၏ သပြေပင်ရွာမှ အလှူတော်မင်္ဂလာ
- ၃း၀၀ ပျော်ရွှင်ဖွယ်ရာ Amusement Park
- ၃း၁၅ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၁၀၃)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၄၅)**
- ၅း၀၀ Activities In The City
- ၅း၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Sunday Talk [မောင်လူမွှေး(မြန်မာ့မှု)၊ မျိုးမြတ်သူ]
- ၆း၅၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၁၀၄)**
- ၇း၃၀ ဗီဒီယိုပြခန်း
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၄၆)**
- ၁၀း၂၀ အနုပညာမိုးကောင်းကင်
- ၁၀း၄၀ အလှဂုဏ်ဆောင် လူကြိုက်များ မြန်မာ့ဂုဏ်ရောင်မင်းဟန် ကျောက်စိမ်းပြား
- ၁၀း၅၅ Box Office Movies
- ၁၁း၂၅ စိုက်ပျိုးအောင်မြင်. . . စပ်ခရမ်းချဉ်
- ၁၁း၃၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ
- ၁၂း၀၀ တစ်ပြည်ဝင်အိုး (ဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ နွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)]
- ၁၂း၂၀ ဝါးယင်းလိပ်ရဲ့ယင်းပန်းချီအလှ
- ၁၂း၄၅ ကလေးများအတွက်ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ (ဒေါက်တာမိုလာ)
- ၁း၀၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
- ၁း၂၅ အရည်အသွေးပြည့်ဝသည့် သာယာဝတီမြို့မှ စက်မှု(၁)၏ကြွေပြားအလှ
- ၁း၄၅ Celebrity Profile (Avirl Lavigne)
- ၂း၂၀ အလှဆင်စရာ ပရိဘောဂကမ္ဘာ
- ၂း၃၀ Shooting Location
- ၂း၅၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၃း၅၅ JAPAN VIDEO TOPICS (Paradise of Flower)
- ၄း၀၀ ဆေးဖက်ဝင်သစ်ခွ၏ အသုံးဝင်မှုများထဲမှ. . .
- ၄း၁၅ သာယာဖွံ့ဖြိုး. . . တိုးတက်ဝေစည်. . . ညေဝတီ
- ၄း၄၀ ပတ္တမြားမြေမှ ကြည်ညိုသပ္ပါယ်ဖွယ်ရာ တန်ခိုးကြီးစေတီများ
- ၄း၅၀ ထာဝရရှင်သန်ဖူးပွင့်နေမည့် သာသနာ့ဥယျာဉ်
- ၅း၅၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League **ဘောလုံးပွဲစဉ်**

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၅	Man U - Spur	ESPN (Live)

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် တောရိုင်းတိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေး ပညာပေးဟောပြောပွဲကို ကြည့်မြင်တိုင်မြို့နယ် အနောက်ဘက်ကမ်း ဆိပ်ကြီးရပ်ကွက် အမက(၁၈) ကျောင်းခန်းမ၌ ဩဂုတ် ၁၄ ရက်က ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အောင် ဟောပြောစဉ်။

(ကြေးမုံ)

ပြည်သူ့ထံမှ ပေးစာများ

မူးယစ်သောက်စားဆူညံမှု ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ လှိုင်သာယာ (၁၄)ရပ်ကွက် အေးမြသာယာလမ်း တောင်ဘက်ခြမ်းတွင် ကျူးကျော်တဲအိမ်များရှိပြီး ညပိုင်းတွင် ဖဲဝိုင်းထောင်ပြီး ဝိုင်းဖွဲ့ အရက်သောက်ခြင်း၊ အော်ဟစ်ဆဲဆိုခြင်းများ ပြုလုပ်နေပါ၍ ပတ်ဝန်းကျင်နေသူများ စိတ်အနှောက်အယှက်ဖြစ်နေကြသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ။

သံသေတ္တာလုပ်ငန်းဆူညံသံ ပတ်ဝန်းကျင်ပျံ့လွင့်

စာတည်းရှင့်-

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ည-ရပ်ကွက် ဧရာ(၁၃)လမ်းအတွင်း သံသေတ္တာများ လုပ်ကိုင်လျက်ရှိရာ ထုရိုက်သံများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောက်အယှက်ဖြစ်ကြရသည့်အပြင် ဆူညံသံများကြောင့် ကလေးငယ်များ အကြားအာရုံချို့ယွင်းနိုင်သောကြောင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ။

စွန့်ပစ်ပစ္စည်းများကြောင့် ရေဆိုးများ ပြည့်လျှံ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ လှိုင်မြို့နယ် (၂)ရပ်ကွက် သီရိ(၇)လမ်းထဲတွင် အလက(၁) ကျောင်းတည်ရှိပြီး ယခုအခါ ကန်ထရိုက်တိုက်များ၏ လုပ်ငန်းခွင်မှ စွန့်ထုတ်လိုက်သော ရေများနှင့် အမှိုက်သရိုက်များကြောင့် ရေမြောင်းများ ပိတ်ဆို့ပြီး လမ်းတစ်လျှောက် ရေဆိုးရေပုပ်များနှင့် ပြည့်လျှံနေပါသည်။ သက်ကြီးရွယ်အိုများနှင့် ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်နေပြီး ခင်းထားသောလမ်းမှာ ပျက်စီးခဲ့ပါသည်။ လမ်းသူ၊ လမ်းသားများ၊ ကျောင်းသား၊ ကျောင်းသူများသည် ရေပုပ်ရေဆိုးများကို ဖြတ်၍ သွားလာနေရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ညောင်ရွှေ၌ ကျင်းပ

ညောင်ရွှေ ဩဂုတ် ၂၁

ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု ထပ်အိမ်ရွာအနီး တောင်ကုန်း၌ အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေများ ထိန်းသိမ်းရေး စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက ကျင်းပရာ ရှမ်းပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသော ပြည်နယ်အဆင့်အကြီးအကဲများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ အင်အား ၇၃၀ တို့သည် ရတနာတန်းဝင်ကျွန်း အပင် ၇၀၀၀၊ ယူကလစ် အပင် ၂၀၊ ခါတော်မိ အပင်၂၀ တို့ကို တပျော်တပါးစုပေါင်း စိုက်ပျိုးကြပြီး ဌာနဆိုင်ရာအကြီးအကဲများမှ ထင်းအသုံးနည်း စွမ်းအားမြင့်မီးဖို ၅၉ လုံးအား ထပ်အိမ်ကျေးရွာရှိ အိမ်ထောင်စုများသို့ ဖြန့်ဝေပေးခဲ့သည်။

(၆၇၅)

ပြည်တွင်းပြည်ပအားကစားသတင်းများ

ပြည်တွင်းပြည်ပအားကစားသတင်းများ

ဇေယျာရွှေမြေ ထိပ်ဆုံးနေရာရောက်

ရန်ကုန် ဩဂုတ် ၂၁

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၅)ကို ဩဂုတ် ၂၀ ရက်နှင့် ၂၁ ရက်တို့က ဆက်လက်ကျင်းပရာ ဇေယျာရွှေမြေ၊ မကွေး F.C နှင့် ဧရာဝတီယူနိုက်တက်တို့ နိုင်ပွဲများရရှိခဲ့သည်။

၂၀-၈-၂၀၁၁
(မုံရွာကွင်း)
ဇေယျာရွှေမြေ - သုံးဂိုး
(ဘောစကို နှစ်ဂိုး၊ ကျော်ကိုကို)
ရန်ကုန်ယူနိုက်တက် - တစ်ဂိုး
(ချာလက်စ်အိုဘီ)

ဇေယျာရွှေမြေတို့ အိမ်ကွင်းတွင် ခြေစွမ်းပြနိုင်ပွဲရယူပြီး ရန်ကုန်ယူနိုက်တက်ဆီမှ အမှတ်ပေးဇယားထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့သည်။ ဇေယျာရွှေမြေအသင်းမှာ ရန်ကုန်ကို အနိုင်ကစားနိုင်ခဲ့၍ ၃၅ မှတ်စီတူပြီး ဂိုးကွာခြားချက်ဖြင့် ထိပ်ဆုံးရောက်သွားခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းမှာ အဝေးကွင်းတွင် အမှတ်ယူနိုင်ရန်အတွက် ကစားကွက် ပြောင်းလဲခဲ့သလို လူထုတ်ပုံလည်း ပြောင်းခဲ့ရာ ပုံမှန်ခြေစွမ်းပင် ပျောက်ဆုံးပြီး ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

အိမ်ကွင်းတွင် နိုင်ပွဲရရှိရန်အတွက် ဇေယျာရွှေမြေအသင်းမှာ လူစုံထုတ်ကစားခဲ့ပြီး ၂၅ မိနစ်တွင် ကျော်ကိုကိုက တစ်ကိုယ်တော်အစွမ်းပြပြီး အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ ရန်ကုန်အသင်းမှာ ချေပဂိုးပြန်ရနိုင်သည့် အခွင့်အရေးတစ်ချို့ဂိုးမရခဲ့သလို ၂၇ မိနစ်တွင် နောက်ခံလူဌေးအောင် နှစ်ဝါတစ်နီဖြင့် အထုတ်ခံရ၍ အားပျော့သွားခဲ့သည်။ ဇေယျာရွှေမြေအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး ဘောစကိုက ၅၇ မိနစ်နှင့် ၈၅ မိနစ်တို့တွင် သွင်းယူခဲ့ပြီး ရန်ကုန်အတွက် နှစ်သိမ့်ဂိုးကို ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ချာလက်စ်အိုဘီက သွင်းယူခဲ့သည်။

(သုဝဏ္ဏကွင်း)
မနောမြေ - တစ်ဂိုး
Southern Myanmar - တစ်ဂိုး
၂၁-၈-၂၀၁၁
(အောင်ဆန်းကွင်း)
မကွေး F.C - ခြောက်ဂိုး
(အဘိုလာဂျီ သုံးဂိုး၊ ဂိုဒရီဂူး၊ ဘိုဘိုအောင်နှင့် ချက်ဝူဖူ)
ဇွဲကပင်ယူနိုက်တက် - တစ်ဂိုး
(ဗီတက်စ်)
(သုဝဏ္ဏကွင်း)
ဧရာဝတီယူနိုက်တက် - ငါးဂိုး
ရက္ခပူရယူနိုက်တက် - နှစ်ဂိုး

ဩဂုတ် ၂၀ ရက်က ကစားရန်ရှိသည့် ရတနာပုံနှင့် ကမ္ဘောဇတို့ပွဲစဉ်ကို ဗထူးကွင်းအတွင်း ရေလျှံနေမှုကြောင့် ရွှေ့ဆိုင်းလိုက်ရကြောင်း သိရသည်။ ယနေ့ပွဲအပြီးတွင် ဇေယျာရွှေမြေနှင့် ရန်ကုန်ယူနိုက်တက်တို့က ၃၅ မှတ်စီ ရရှိထားပြီး ဂိုးကွာခြားချက်ဖြင့် ဇေယျာရွှေမြေက ပထမ၊ ရန်ကုန်က ဒုတိယနေရာတို့တွင် ရှိနေသည်။ ဧရာဝတီအသင်းမှာလည်း ၃၃ မှတ်ဖြင့် တတိယလိုက်နေသည်။

၂၃-၈-၂၀၁၁
(ပေါင်းလောင်းကွင်း)
နေပြည်တော် - ဥဿာယူနိုက်တက်

ဇေယျာရွှေမြေ တိုက်စစ်မှူး ဒါဆေးလ် ဗား နှင့် ရန်ကုန်နောက်ခံလူ ဟန်ဆန်တို့ အကြိတ်အနယ်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

ဖူဆယ် ပဏ္ဏာမလက်ရွေးစင်များ ရွေးချယ်

ရန်ကုန် ဩဂုတ် ၂၁

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အမျိုးသမီးလက်ရွေးစင် ဖူဆယ်အသင်းအတွက် ပဏ္ဏာမလက်ရွေးစင် အားကစားသမားများကို ရွေးချယ်လိုက်ပြီဖြစ်ရာ သန္တာ၊ ဇင်မင်းထွန်း၊ မြင့်မြင့်သန်း၊ အေးငြိမ်းသူ၊ အေးနန္ဒာလှိုင်၊ သူဇာထွေး၊ မူမူလွင်၊ မိုးမိုးထွေး၊ စန္ဒာထွေး၊ ငုဝါဝါစိုး၊ ဖူးပွင့်ခိုင်၊ အိအိဖြိုး၊ ဆုမွန်၊ ကြည်ကြည်ဆန်း၊ ဝါဝါထွေး၊ ရီရီလွင်၊ မေသက်ဖြူနှင့် မိုးစန္ဒာထွန်းတို့ဖြစ်ပြီး နည်းပြ ဦးဌေးမြင့်က လေ့ကျင့်ပေးလျက်ရှိသည်။ (သတင်းစဉ်)

ဗိုလ်လုပွဲရောက် မာရီယာရှာရာပိုဗာ။

※ ဆင်ဆင်နတီတင်းနစ်မှ

ပက်ကိုဗစ်ကို ၇-၆၊ ၆-၁ ဖြင့်လည်းကောင်း၊ မာရီယာရှာရာပိုဗာက ဇော့ဗ်နာရီဗာကို ၂-၆၊ ၆-၃၊ ၆-၃ ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်သွားပြီဖြစ်သည်။

ဆင်ဆင်နတီပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဂျိုကိုဗစ်နှင့် အင်ဒီမာရေးတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အမျိုးသမီးတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲအဖြစ် ယန်ကိုဗစ်နှင့် မာရီယာရှာရာပိုဗာတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အင်တာနက်။

○ ယူ-၂၀ မှ

အော်စကာက ဘရာဇီးအတွက် ဂိုးသွင်း၍ ချန်ပီယံဆုကို ရယူနိုင်ခဲ့သည်။ ထို့ကြောင့် ပေါ်တူဂီ အသင်းမှာ ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။

တတိယ

မက္ကဆီကိုနှင့် ပြင်သစ်တို့၏ တတိယနေရာလုပွဲတွင် မက္ကဆီကိုက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး တတိယရသွားသည်။ မက္ကဆီကိုအတွက် ဂိုးများကို ၁၂ မိနစ်တွင် ဒါဗီလာ၊ ၄၉ မိနစ်တွင် အင်းနရစ်နှင့် ၇၁ မိနစ်တွင် ရီဗာရာတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ ပြင်သစ်အတွက် တစ်လုံးတည်းသောဂိုးကို ပွဲချိန် ၈ မိနစ်တွင် လာစာဇက်တီက သွင်းယူခဲ့သည်။

အင်တာနက်။

❄ မေဝယ်သာမှ

ပြက်ရယ်ပြုလိုက်ခြင်းလည်းဖြစ်သည်။

"ကျွန်တော်သူ့ကို ချေမှုန်းတော့မှာပါ၊ တစ်ချီပြီးတစ်ချီ၊ ဖင်ထိုင်ကျသွားတဲ့အထိပေါ့"ဟု အော်တစ်ဇ်ကပြောသည်။

"မေဝယ်သာမှာ ရှုံးပွဲတွေရှိခဲ့တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါပေမယ့် သူ့မှတ်တမ်းထဲမှာတော့ မဝင်ခဲ့ဘူးပေါ့။ ဟိုဆေးလူးဝစ်ကက်စ်တီလိုနဲ့ အော်စကာဒီလာဟိုယာတို့ သူ့ကိုနိုင်ခဲ့တယ်ဗျ။ ပေါင် ၁၃၀ တုန်းက သူကောင်းခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်ဒီကနေ့ ၁၄၇ ပေါင်ဖြစ်နေပြီဗျ။ သူ နိဂုံးချုပ်တော့မှာပါ" ဟု လည်းဆိုသည်။

ယှဉ်ပြိုင်ခဲ့သမျှ ပြိုင်ပွဲ ၄၁ ပွဲတွင် ရှုံးပွဲမရှိဟူသော မှတ်တမ်းရှိထားသူ ဖလွိုက်မေဝယ်သာသည် တစ်နှစ်ကျော်ကြာ ကြိုးဝိုင်းနှင့် ကင်းကွာနေရာမှ လာ့စ်ဗီးဂတ်စ်တွင် လာမည့်လ၌ ဗစ်တာအော်တစ်ဇ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ (ကြေးမုံ)

- ဇင်ထူး -

မက္ကဆီကိုနိုင်ငံ တာရီယွန်မြို့ ပထမတန်း ဘောလုံးပြိုင်ပွဲ၌ သေနတ်သံကြောင့် အထိတ်တလန့်ဖြစ်နေကြသည့် ပရိသတ်များ။

ဝယ်မှရတော့မှာပါ အာစင်ဝင်းဂါး ——— (ကာပယ်လို)

လန်ဒန် ဩဂုတ် ၂၁

အင်္ဂလန်လက်ရွေးစင်အသင်း မန်နေဂျာဖေဘီယိုကာပယ်လိုကတော့ အာဆင်နယ်အသင်းရဲ့ လက်တွေ့ ကြုံတွေ့နေရတဲ့ အခြေအနေနဲ့ နောင်ရေးကိုတွေးပြီး စိတ်ပူနေရပါပြီ။ ဒါကြောင့် ရေငုံနှုတ်ပိတ်မနေနိုင်တော့တဲ့ ကာပယ်လိုက အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးကို အကြံဉာဏ်တွေ၊ ဝေဖန်ရေးတွေကို စေတနာဗရပွနဲ့ ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

ဖြစ်ပုံကတော့ ဒီနှစ်အာဆင်နယ်ရဲ့ လူစာရင်းကိုကြည့်ပြီး ကရုဏာဒေါသောနဲ့ ဝေဖန်လိုက်တာပါ။ ပြောရမယ်ဆိုရင်တော့ အာဆင်နယ်ရဲ့ ဒီနှစ်လူစာရင်းမှာ ထိပ်တန်းကစားသမားတွေ အသင်းကို စွန့်ခွာသွားပြီး ဥမမယ်စာမမြောက် လောက်လောက်လားလား မရှိတဲ့ ဆယ်ကျော်သက် ချာတိတ်တွေသာ အဝင်ရှိခဲ့တာပါ။ ဒါကို ကာပယ်လိုက အားမလို အားမရဖြစ်နေပါတယ်။ အာဆင်နယ်ရဲ့ ပွဲတိုင်းကို လိုက်ပြီး အားပေးလေ့ရှိတဲ့ ကာပယ်လိုဟာ သူ့ရဲ့ မျက်စိရှေ့မှာ အာဆင်နယ်ရဲ့ ဖြစ်ပျက်ပုံတွေကို မျက်ဝါးထင်ထင် မြင်တွေ့နေရတာကို စိတ်မချမ်းမသာဖြစ်လို့နေပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့စနေနေ့က အမ်းမရိတ်မှာ လီဗာပူးကို နှစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပြီးနောက်မှာ အခုလို ကာပယ်လိုရဲ့ ဝေဖန်ချက်တွေ ပေါ်ထွက်လာခဲ့တာပဲ ဖြစ်ပါတယ်။

အာဆင်နယ်မှာ အတွေ့အကြုံရင့်ကျက်တဲ့ ကစားသမားတွေဖြစ်တဲ့ အိမန်နျူရယ်အီဘိုယေး၊ ကလစ်ချီ၊ ဒီနယ်ဆင်၊ ဖာဘရီဂက်စ် စတဲ့ ကစားသမားကောင်းတွေမရှိတော့တာ အလွန်ပင် နစ်နာလှပါတယ်။ ဒါကြောင့် အဆင့်အတန်းမီကစားသမားတွေကို ဈေးကောင်းရရင် ရောင်းထုတ်ပြီး ပေါချောင်ကောင်းတွေကိုသာ လိုက်ဝယ်တတ်တဲ့ အာစင်ဝင်းဂါးကို ငွေကြေးကို မကြည့်ဘဲ၊ ကိုယ့်ပိုက်ဆံအိတ်ကိုသာ မကြည့်ဘဲ အသင်းအတွက်၊ ပရိသတ်အတွက် ထည့်သွင်းစဉ်းစားသင့်ပြီဖြစ်ကြောင်းကို ကာပယ်လိုက ပြောဆိုခဲ့တာပါ။

အာစင်ဝင်းဂါးအတွက် ဆုဖလားက အရေးမကြီးဘဲ ငွေကြေးကသာ အရေးကြီးနေပါတယ်ဟု ဝေဖန်ခံနေရချိန်မှာ အင်္ဂလန်နည်းပြကြီးကပါ ထပ်မံဝေဖန်ခဲ့ပြန်တာ ဖြစ်ပါတယ်။ ကာပယ်လိုက "အာစင်ဝင်းဂါးဟာ အာဆင်နယ်မှာ ဆက်ရှိနေဦးမှာပါ။ သူဟာ ထူးချွန်ပြောင်မြောက်တဲ့ နည်းပြတစ်ဦးဆိုတာ သာဓကတွေရှိခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမယ့် ခြောက်နှစ်ဆက်တိုက် ဆုဖလားလက်မဲ့ဖြစ်ခဲ့တာကတော့ အသင်းအတွက် လုံးဝမကောင်းတဲ့လက္ခဏာပါ"ဟု ပြောဆိုခဲ့ပြန်ပါတယ်။

ထပ်လောင်းဝေဖန်

အာဆင်နယ်အသင်းရဲ့ မန်နေဂျာဟောင်းဖြစ်ခဲ့သူ ဂျော့ဂျ်ဂရေဟမ်ကလည်း ကာပယ်လိုနည်းတူပဲ အာဆင်နယ်အနေနဲ့ အောင်မြင်ရေးလမ်းကြောင်းပေါ်ကို ပြန်ရောက်ချင်တယ်ဆိုရင် ကိုယ့်အသင်းကိုယ် ပြန်ဆန်းစစ်သင့်ကြောင်း၊ စွမ်းဆောင်ရည်မြင့် ကစားသမားလိုအပ်ကြောင်း၊ အတွေ့အကြုံရင့် ကွင်းလယ်ကစားသမား မဖြစ်မနေလိုအပ်သလို အသင်းကစားသမားဟောင်း ဟင်နရီကဲ့သို့တိုက်စစ်မှူးလည်း လိုအပ်ပါတယ်လို့ ထပ်လောင်းဝေဖန်ခဲ့ပါတယ်။ ကာပယ်လိုကတော့ **ဝယ်မှရတော့မှာပါ အာစင်ဝင်းဂါး**ပါတဲ့ ခင်ဗျား။ ။

အမ်းမရိတ်ကို စွန့်ခွာ၍ စပိန်မြေနူးကမ့်သို့ ပြောင်းရွှေ့သွားခဲ့သည့် အာဆင်နယ်အသင်း ခေါင်းဆောင်ဟောင်း ဖာဘရီဂက်စ်။

ဟန်သစ်

သေနတ်သံပေး၍ ဘောလုံးပွဲပျက်

တာရီယွန်(မက္ကဆီကို) ဩဂုတ် ၂၁

မက္ကဆီကိုနိုင်ငံ တာရီယွန်မြို့တွင် ပထမတန်းဘောလုံးပြိုင်ပွဲတစ်ခု ကျင်းပနေစဉ် ပွဲပျက်စေရန်ရည်ရွယ်၍ သေနတ်သမားများက ဘောလုံးကွင်းပြင်ပတွင် ရဲတပ်ဖွဲ့ဝင်များကို ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့သည်။

ဆန်းတော့စ်လာဂူနာနှင့် မိုနာကက်စ်မိုရေလီယာအသင်းတို့ ဂိုးမရှိသရေဖြင့် ပထမပိုင်းပြီးစီးခါနီး ကွင်းအတွင်း ခိုက်ရန်ဖြစ်ပွားစဉ် ကွင်းပြင်၌ ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

ဒဏ်ရာရ

ပြိုင်ကွင်းအတွင်း ဘောလုံးပွဲကြည့်ပရိသတ် ၂၀၀၀၀ ခန့်ရှိရာ ထိခိုက်ဒဏ်ရာရသူမရှိသော်လည်း ဝရုန်းသုန်းကားဆူပူမှုများဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦးဒဏ်ရာရရှိခဲ့သည်။

ယခုဖြစ်စဉ်မှာ မက္ကဆီကိုနိုင်ငံတွင် သမ္မတ ဖိလစ်ကယ်လ်ဒီရွန်လက်ထက် ပထမဆုံးအကြိမ်အဖြစ် အကြမ်းဖက်ဆူပူမှုကြောင့် ဘောလုံးပွဲပျက်ရခြင်းဖြစ်သည်။ ယမန်နှစ်ကလည်း မက္ကဆီကိုအရှေ့မြောက်နယ်စပ်မြို့ဖြစ်သော ရေနိုဆာတွင် အလားတူဖြစ်ရပ်မျိုး ဖြစ်ပွားခဲ့ခြင်းကြောင့် ဘော့စ်ဘောပြိုင်ပွဲတစ်ခု ရပ်နားခဲ့ရသည်။

အင်တာနက်။



CHRONICLE OF NATIONAL DEVELOPMENT

COMPARISON BETWEEN PERIOD PRECEDING 1988 AND AFTER

(UP TO 31-12-2010)

Available at

ပုလဲမြေ

PEARL LAND TRAVELS & TOURS CO., LTD.

ပျိုးပင်များပျိုးထောင်

ပန်းတနော် ဩဂုတ် ၂၁

ပန်းတနော်မြို့နယ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် စည်ပင်သာယာ ပျိုးဥယျာဉ်အတွင်းပျိုးပင်များပျိုးထောင်ထားရှိရာ ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအောင်မင်းနိုင်နှင့်အဖွဲ့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်တိုင်း ဒေသကြီး မင်္ဂလာဒုံမြို့နယ် ခရေပင်ရိပ်မွန်(၂) သရဖီလမ်းနေ နှစ်ဖက်သော မိဘများအား အမှုထား၍ဗိုလ်ချုပ်ထင်အောင်ကျော် (ငြိမ်း) - ဒေါ်အေးညွန့်ရွှေ သား ဗိုလ်ကြီးသန့်ဇော်လွင်- မအေးအေးခိုင်၊ မြေး မအေးသန့်သန့်ဖူး မိသားစုက စတီးခုတင် တစ်လုံး၊ Waiting Chair လေးလုံးတစ်စုံအတွက် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ခင်နန္ဒာ အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်း

INTERNET Journal

(Optometrist) U Shu Aung ၏

USA Vision Eye Wear & Care Center

"USA Vision"

ADVERTISING BILLBOARD AVAILABLE AT YAN GON & MON YWA

CONTACT US

21 AD

တောင်သူလယ်သမားများသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဒိုက်ဦးမြို့နယ်က ယခင်တစ်ဧကလျှင်ငွေကျပ်၂၀၀၀၀ နှုန်း ထုတ်ပေးပြီး တစ်ဧကငွေကျပ် ၄၀၀၀၀ နှုန်း ပြည့်မီရန် ဩဂုတ် ၁၆ရက်မှစ၍ ဒုတိယအကြိမ် နေ့စဉ် ထုတ်ချေးပေးစဉ်။ (ကြေးမုံ)

သံကူကွန်ကရစ်တံတား ဆောက်လုပ်

ပုဏ္ဏားကျွန်း ဩဂုတ် ၂၁

ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မြို့ပြ(တံတား) ငွေလုံးငွေရင်း လုပ်ငန်းဖြစ်သော စံပြလမ်းပေါ်တွင် အောက်ခံကျောက်စီနှင့် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာဦးကျော်မျိုးဌေး ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်မောင်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့သည်။ (ကြေးမုံ)

အမွေစားအမွေခံသားအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်ဇင်မောင်ထွန်း [၁၂/ကတတ(နိုင်) ၀၂၈၅၁၃]သည် မိဘဖြစ်သူ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်၍ မိဘများအပေါ်တွင် ရိုင်းစိုင်းသော အပြုအမူများ ပြုလုပ်ဆောင်ရွက်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား သွာနုတ္တသားအဖြစ်ကြေညာ၍ အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

၎င်း၏ ပြုလုပ်မှုကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**(စုံစမ်းမေးမြန်းနိုင်ပါသည်)**

ဖခင် -ဦးတက်ထွန်း [၁၂/ကတတ(နိုင်)၀၁၂၆၇၇]

မိခင်-ဒေါ်လှလှအေး [၁၂/ကတတ(နိုင်)၀၁၂၆၇၆]

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေထိန်းသိမ်းစို့

တွင်းအမှတ်(၁၆၆)မှ ရေနံနှင့် သဘာဝဓာတ်ငွေ့စမ်းသပ်ထုတ်လုပ်

တစ်နေ့လျှင် ရေနံ ၃၃ စည်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၉ ဒသမ ၇၃၅ သန်း ထုတ်လုပ်နိုင်

ရန်ကုန် ဩဂုတ် ၂၁

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ပြည်တောင်တန်းရေနံမြေ တွင်းအမှတ်(၁၆၆)၏ စမ်းသပ်ထုတ်လုပ်မှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ(ယာပုံ) **ရေနံမြေအထွေထွေမန်နေဂျာက ကနဦး ထုတ်လုပ်ရရှိမှုများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ထူးနှင့် တာဝန်ရှိသူများက ဖြည့်စွက်တင်ပြကြသည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စမ်းသပ်တွေ့ရှိထားသော ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနေသည့် အလားတူသဲကြောများအား တွင်းသစ်များ ထပ်မံတူးဖော်ရှာဖွေသွားရန်နှင့် ပြည်ဒေသ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာ ပိုမိုကောင်းမွန်သည့် ပေနက်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် ခရန်ထီဒမ်းကျေးရွာ၌ KIA အဖွဲ့က မီးရှို့ဖျက်ဆီး

နေပြည်တော် ဩဂုတ် ၂၁

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် ခရန်ထီဒမ်းကျေးရွာရှိ နေအိမ် ၂၂ လုံးအား ဩဂုတ် ၁၃ ရက်တွင် လည်းကောင်း၊ နေအိမ် ၁၀ လုံးနှင့် အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်းတို့အား ဩဂုတ် ၁၉ ရက်တွင်လည်းကောင်း KIA အဖွဲ့က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

KIA အဖွဲ့၏ ယင်းလုပ်ရပ်များကြောင့် ခရန်ထီဒမ်းကျေးရွာမှ ရွာသူ ရွာသား စုစုပေါင်း ၆၆ ဦးတို့သည် လဂျာကျေးရွာသို့ ထွက်ပြေးခဲ့ကြရကြောင်းနှင့် ၎င်းတို့အား လဂျာကျေးရွာ၌ နေထိုင်စားသောက်ရေးနှင့် မူလတန်းကျောင်းသားများ ပညာသင်ကြားနိုင်ရေးတို့အတွက် တာဝန်ရှိသူများက အစစအဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာရှိ ကြိုးတံတား၌ ပေါက်ကွဲမှုဖြစ်ပွား

နေပြည်တော် ဩဂုတ် ၂၁

ဩဂုတ် ၂၀ ရက် ညနေ ၄ နာရီက ဗုံး (၉) လုံး ပေါက်ကွဲမှုကြောင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တာလောကြီး ကျေးရွာရှိ မလိချောင်းကြိုးတံတားမှာ လုံးဝပျက်စီးသွားခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ကာ နေရာဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ အကြမ်းဖက်အဖျက်လုပ်ရပ်များကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနှောင့်အယှက်ဖြစ်စေသကဲ့သို့ ဒေသတွင်း ပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများကိုလည်း များစွာထိခိုက်နစ်နာစေလျက်ရှိကြောင်း၊ အများပြည်သူ ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်ရှိသူများက လုံခြုံရေးကိစ္စများကို အလေးထား တာဝန်ယူစောင့်ရှောက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံ အားကစား

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဘရာဇီးအသင်း အနိုင်ရ ဗိုလ်စွဲ

ဘိုဂိုဒါး ဩဂုတ် ၂၁

ကိုလံဘီယာနိုင်ငံတွင် ကျင်းပခဲ့သည့် ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ဘရာဇီးက ပေါ်တူဂီကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ကိုင်မြှောက်နိုင်ခဲ့သည်။ **(ယာပုံ)**

ယခု ဗိုလ်လုပွဲသည် သာမန်ပွဲကစားချိန် မိနစ် ၉၀ အတွင်းတွင် နှစ်ဂိုးစီသရေကျနေ၍ အချိန်ပို ဆက်ကစားခဲ့ရသည်။ သာမန်ပွဲကစားချိန်တွင် ဘရာဇီးအတွက် ဂိုးများကို ၅ မိနစ်နှင့် ၇၈ မိနစ်တို့တွင် အော်စကာက သွင်းယူခဲ့သည်။ ပေါ်တူဂီအတွက် ဂိုးများကို ပွဲချိန် ၉ မိနစ်တွင် အဲလစ်နှင့် ၅၉ မိနစ်တို့တွင် အိုလီဗီယာက သွင်းယူခဲ့ခြင်းဖြစ်သည်။ သရေကျနေသည့် ဤနှစ်သင်းသည် အချိန်ပို ဆက်လက်ကစားခဲ့ရာ ၁၁၁ မိနစ်တွင်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

ဆင်ဆင်နတီတင်းနစ် ဆီမီးဖိုင်နယ်ပွဲစဉ်များပြီးဆုံး

အင်ဒီမာရေး၊ ဂျိုကိုဗစ်၊ ယန်ကိုဗစ်နှင့် ရှာရာပိုဗာတို့ ဗိုလ်လုပွဲတက်

ဆင်ဆင်နတီ ဩဂုတ် ၂၁

ဆင်ဆင်နတီ တင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်များကို တနင်္ဂနွေနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ အင်ဒီမာရေး၊ ဂျိုကိုဗစ်၊ ယန်ကိုဗစ်နှင့် မာရီယာရှာရာပိုဗာတို့ အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်သွားပြီဖြစ်သည်။

အမျိုးသားတစ်ဦးချင်း

အမျိုးသားတစ်ဦးချင်း ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် အင်ဒီမာရေးက ဖက်ရှ်ကို ၆-၃၊ ၇-၆ ဖြင့် အနိုင်ရရှိခဲ့ပြီး ဂျိုကိုဗစ်နှင့် ဘာဒက်ရှ်တို့ပွဲတွင် ဂျိုကိုဗစ်က ပထမပွဲတွင် ၇-၅ ဖြင့် အနိုင်ရထားချိန်တွင် ဘာဒက်ရှ်မှာ ပခုံးဆက် ဒဏ်ရာကြောင့် ပွဲကို ရပ်နားပြီး အရှုံးပေးသွားသည်။

အမျိုးသမီးတစ်ဦးချင်း

အမျိုးသမီးတစ်ဦးချင်း ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ယန်ကိုဗစ်က

စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ❊

ဗစ်တာအော်တစ်ဇ်(ဝဲ)က ၎င်း၏ပြိုင်ဘက်(ယာ)အား ဘယ်ဖြောင့်လက်သီးဖြင့် ထိုးသတ်ဟန်။

မေဝယ်သာ နိဂုံးချုပ်တော့မှာပါ ကျွန်တော်သူ့ကို အပြတ်ချေမှုန်းမယ်...ဟု ဆိုသူ ဗစ်တာအော်တစ်ဇ်

လာ့စ်ဗီးဂတ်စ် ဩဂုတ် ၂၁

ကမ္ဘာ့လက်ဝှေ့ကောင်စီ (WBC) ၏ ဝယ်လ်တာဝိတ်တန်းချန်ပီယံ ဗစ်တာအော်တစ်ဇ်သည် စက်တင်ဘာ ၁၇ ရက်တွင် ပြိုင်ဘက်ဖြစ်လာမည့် ဖလွိုက်မေဝယ်သာအား ပြိုင်ပွဲမစတင်မီ စကားစစ်ထိုးပွဲကို စတင်လိုက်ပြီဖြစ်သည်။

ကမ္ဘာ့အကောင်းဆုံးလက်ဝှေ့သမား မန်နီပက်ကွီယာအိုနှင့် တန်းတူထားကာ ပြိုင်ဘက်ကင်း အမေရိကန် လက်ဝှေ့သမားတစ်ဦးအဖြစ် လေးစားကြသော ဖလွိုက်မေဝယ်သာ၏ ဂုဏ်သတင်းကျော်ကြားမှုကို အော်တစ်ဇ်က ငြင်းပယ်ကာ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❄